မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လာမည့်ပြိုင်ပွဲမှာ အိမ်ရှင်နိုင်ငံဖြစ်၍ ပထမဆုမျှော်မှန်း၊ မရသည့်တိုင် အဆင့်(၁)မှ အဆင့်(၃)အတွင်း ရရန်လို ကြိုးစားမှု၊ ဇွဲနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုပေါ်မူတည်ပြီး အဖွဲ့ချုပ်နှင့် အားကစားသမားများ၏ သမိုင်းမှတ်တမ်းတင်ရမည်

မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး အဖွဲ့ချုပ်များအပါအဝင် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစား ကွင်း/အားကစားရုံများသို့လှည့်လည်၍ အားကစားသမားများ၏ ကြိုတင် ပြင်ဆင်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေး ကြိုတင်ပြင်ဆင်မှု ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းသို့ရောက်ရှိလာရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နှင့် အားကစားဝန်ကြီးဌာန *စာမျက်နှာ ၈ ကော်လံ ၁* ●

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ စီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ စီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E. Mr. Montek Singh Ahluwalia ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အိန္ဒိယနိုင်ငံ စီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E. Mr. Montek Singh Ahluwalia ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု များ ဆောင်ရွက်ခဲ့ရာ၌ တွေ့ကြုံခဲ့သည့် အတွေ့အကြုံများနှင့် မြန်မာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ဖွယ်ရှိသည့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr.VS Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဆန်ကြမ်းဈေး လှုပ်သော်လည်း ဆန်ချောဈေးငြိမ် စာ-၃

တနင်္သာရီတိုင်းဒေသကြီး၌ လျှပ်စစ်မီးတစ်ယူနစ်နှုန်းထားများ လျှော့ချပေးနိုင်ရေးအတွက် ဆောင်ရွက်နေ စာ-၃

ဆားစားသုံးမှု လျှော့ချနိုင်လျှင် ကင်ဆာရောဂါ ဖြစ်ပွားမှု နည်းမည် စာ ၆

နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် အက်ဖ်ဒီအေမှ စစ်ဆေးမှု များ ပြုလုပ်ပေးမည် စာ-၆

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၂၄ ရက်)

ဂီတသမား ပုံပမာပြုပါလို့

ကမ္ဘာ့နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဂီတများရှိကြ၏။ သူတို့သည်ကား သူ့ယဉ်ကျေးမှု သူ့ဂီတတို့ဖြင့် သာယာငြိမ့်ညောင်းဖွယ်ဖြစ်အောင် သီဆိုတီးမှုတ်ကြ၏။ မည်သည့်တူရိယာ၊ မည်သည့်ဂီတတို့ဖြင့် သီဆိုတီးမှုတ်သည်ဖြစ်စေ နားဝင်ပီယံဖြစ်အောင် သီဆိုတီးမှုတ်လျှင် ထိုဂီတသည် အဆင့်မြင့်မားသော ဂီတဟု ဆိုထိုက်ပေသည်။

ကျွမ်းကျင်စွာသီဆိုတီးမှုတ်ကြကုန်သော ဂီတသမားတို့သည် နားဝင်ပီယံဖြစ်အောင် တီးခတ်ကြလေသဖြင့် ပရိသတ်အပေါင်းတို့၏ လက်ခုပ်ဩဘာပေးခြင်း၊ ချီးကျူးပြောဆိုခြင်းတို့ကို ခံကြရလေသည်။ ပရိသတ်အလယ်တွင် တင့်တယ်ကြကုန်လေ၏။ မကြာမီက ဂျပန်နိုင်ငံမှ ဂီတမှူးမစ္စတာ ယိုရှိကာဇူဖူကူမူရာ ဦးဆောင်သော ဂီတအဖွဲ့ကြီးသည် မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေသွားခဲ့သည်။ သူတို့သည်ကား တယောတူရိယာအမျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နိုင်စွမ်းရှိကြသည့် ဂီတသမားများပင်ဖြစ်ကြ၏။

တယောတူရိယာသံသည် သာမန်အားဖြင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်း၏။ သို့သော် မစ္စတာ ယိုရှိကာဇူဖူကူမာရာ၊ မစ္စ အန်နာဆိုဝမ်နာနှင့် မြန်မာဂီတပညာရှင်များ ပူးပေါင်းတင်ဆက်သည့် တယောဂီတသံမှာ သာယာငြိမ့်ညောင်းဖွယ်ဖြစ်ခြင်း၊ လန်းဆန်းတက်ကြွခြင်း၊ ကြည်နူးခြင်းစသော ဂီတရသကို ခံစားကြရသဖြင့် ပရိသတ်များ အထူးနှစ်သက်ကြ၏။ သူတို့သည်ကား တယောတီးခတ်မှုအရာ၌ တစ်ဖက်ကမ်းခတ်သူများပင်ဖြစ်၏။ တယောကို သာမန်အားဖြင့် တယောထိုးတံဖြင့် ထိုးကြရသော်လည်း သူတို့သည် တယောထိုးတံမသုံးဘဲ လက်ဖြင့်တောက်၍ တီးခတ်သောဖျော်ဖြေတင်ဆက်မှုကို ပြသသွားသည်မှာ ပရိသတ်များ အထူးနှစ်ခြိုက်အားပေးကြလေသည်။ အချုပ်အားဖြင့်ဆိုရလျှင် မည်သည့်ဂီတကို တီးခတ်သည်ဖြစ်စေ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နိုင်လျှင် ပရိသတ်အပေါင်းတို့၏ ကောင်းချီးဩဘာပေးခြင်းကို ရလေသည်။

ဤလောကတွင်လည်း ကျွမ်းကျင်သော ဂီတသမားတို့နှယ်ဖြစ်၏။ ဂီတသမားတို့သည် တူရိယာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်ကြသဖြင့် ပရိသတ်အပေါင်း၏ ချီးကျူးထောမနာပြုခြင်းကို ခံရသကဲ့သို့ လူအပေါင်းတို့သည်လည်း အရာရာတွင် ပြောတတ်၊ ဆိုတတ်၊ နေတတ်၊ ထိုင်တတ်ကြမည်ဆိုလျှင် ဘဝလှေကားထစ်များသည် တဖြည်းဖြည်းမြင့်တက်လာတတ်၏။ ဤသို့လူအများနှင့် ပြောတတ်၊ ဆိုတတ်၊ နေတတ်၊ ထိုင်တတ်ခြင်းပင် ထိုသူ၏ အရည်အချင်းတစ်ရပ်ပင်ဖြစ်၏။ ထိုအရည်အချင်းကြောင့်ပင်အများတကာနှင့် ဆက်ဆံပေါင်းသင်းရာတွင် အဆင်ပြေလှသဖြင့် ဘဝခရီးလမ်းသည်လည်း သာယာဖြောင့်ဖြူးကြရ၏။

မည်မျှပင် ပညာတတ်သည်ဖြစ်စေ၊ မည်မျှပင် ချမ်းသာကြွယ်ဝသည်ဖြစ်စေ၊ မည်မျှပင်ရာထူးဌာနန္တရ ရှိသည်ဖြစ်စေ နေတတ်၊ ထိုင်တတ်၊ ပြောဆိုတတ်ခြင်းမရှိပါမူ ကျီးတကာတို့အလယ်တွင် မတင့်တယ်သော ဥသြငှက်ကဲ့သို့ အထီးကျန်နေတတ်၏။ ထို့ကြောင့် ကျွမ်းကျင်သောဂီတသမားသည် ဂီတတူရိယာကို နားဝင်ပီယံဖြစ်အောင် ကောင်းစွာတီးခတ်သကဲ့သို့ ဤလောကတွင်လည်း နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်ရန် များစွာအရေးကြီးလှပေသည်။

သို့ပါသောကြောင့် လူတိုင်းသည် ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ၊ ရာထူးရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နေထိုင်မှု၊ ပြောမှု၊ ဆိုမှုတို့သည် များစွာအရေးကြီးပေသည်။ နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ပေါင်းသင်းဆက်ဆံတတ်မည်ဆိုလျှင် တိုးတက်ကြီးပွားနိုင်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံ Dong Nai Province ၊ Department of Industry and Trade မှDeputy Director General, Mr. Chau Minh Nguyen ဦးဆောင်၍ ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင် ၂၂ ဦးခန့်ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်နှင့် ပူးပေါင်း၍ မြန်မာ-ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီတွင် အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များသည် သတ္တုလုပ်ငန်း၊ဆောက်လုပ်ရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ၊ သီဟိုဠ်စေ့၊ ရော်ဘာလုပ်ငန်း၊ စက်ဘီးနှင့် အပိုပစ္စည်းများ၊ လေဖိအားသုံး စက်ကိရိယာများ၊ ကလေးစီးဖိနပ်လုပ်ငန်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ဆပ်ပြာမှုန့်နှင့် ချေးချွတ်မှုန့် ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ကြွေထည်မြေထည်ပစ္စည်းလုပ်ငန်းအစရှိသော လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် အသင်းချုပ် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန ဖုန်း-၂၄၃၇၄၄ မှ ၂၄၃၇၄၉ လိုင်းခွဲနံပါတ် ၁၂၀၊ ၁၂၂ တို့သို့ ဇူလိုင် ၂၄ ရက် နောက်ဆုံးထားပြီး အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ရွှေသင်္ကန်းကပ်ရန် ငွေလှူ

တွံတေး ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဝါတွင်းဝါပဉ္စမသီတင်းသုံး...

ဝါတွင်းဝါပဥပုသ်နေ့တိုင်း သီလပေးတရားတော်များ ဟောကြားချီးမြှင့်တော်မူသည့် သံဃာတော်အရှင်မြတ် ၅၇ ပါးတို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း၍ စုပေါင်းရေစက်ချအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ချစ်တီး- ဒေါ်ပု တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် သီလဂုဏ်ရည်အဖွဲ့မှ လှူဒါန်းငွေကျပ် ကိုးသိန်းငါးသောင်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၀၀၉)

လိုင်စင်မဲ့ဆိုင်ကယ်များ၏ ယာဉ်မှတ်ပုံတင်နှင့်လိုင်စင်များ ဖြူးမြို့နယ်အတွင်း၌ နေ့ချင်းပြီးပြုလုပ်ပေး

ဖြူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်များကို ဇူလိုင် ၂၁ ရက် နံနက်မှ ဇူလိုင် ၂၂ ရက် ညနေပိုင်းအထိ ဖြူးမြို့ မြို့မအနောက်ရပ်ကွက် ဓမ္မာရုံ၌ တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသောင်းမြင့်နှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်၊ အုံနာဘုတ်နှင့် လိုင်စင်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အပြီးဆောင်ရွက်ပြုလုပ်ပေးခဲ့ကြသည်။

ထိုသို့ လိုင်စင်ပြုလုပ်ပေးရာတွင် လိုင်စင်မဲ့ဆိုင်ကယ်မျိုးစုံ ၄၉၉ စီးကို စစ်ဆေးပြီး အုံနာဘုတ်၊ ယာဉ်မှတ်ပုံတင်များကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၁၁၃)

ကျောင်းဝတ်စုံထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၃

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် ၂၂ ရပ်ကွက် အမက(၁၇) ကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ချို့တဲ့သော ကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိ ကျောင်းဝတ်စုံ ၆၀ နှင့် ငွေကျပ် ငါးသိန်းခွဲတန်ဖိုးရှိ စာသင်ခုံ ၁၅ ခုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီနှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(စမ်းစမ်းကြည်)

ပြည်မြို့၌ အခွန်ပညာပေးဆွေးနွေး

ပြည် ဇူလိုင် ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ပြည်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်က အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပြီးနောက် ကျောင်းစာကြည့်တိုက်များတွင် ထားရှိရန်အတွက် အခွန်ပညာပေးလက်ကမ်းစာစောင်နှင့် ကျွန်ုပ်နှင့်အခွန်မိတ်ဆက် ခံရခြင်း ရုပ်ပြကာတွန်းစာအုပ် ၅၀ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်အခွန်ဦးစီး)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မိုးကောင်း၌ ညှိနှိုင်းဆွေးနွေး

မိုးကောင်း ဇူလိုင် ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်၌ဖွင့်လှစ်ပြီးသော ကျေးရွာစာကြည့်တိုက်များအမြဲရှင်သန်ခိုင်မာနေစေရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ဖွင့်လှစ်ပြီးသောကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ အမြဲရှင်သန်ခိုင်မာနေရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်စရိတ် ထောက်ပံ့

မိုးညှင်း ဇူလိုင် ၂၃

မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏၂၀၁၂-၂၀၁၃ ပညာသင်နှစ် စစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအားဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက်က အဆိုပါမြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလတ်(ဗိုလ်ကြီး-ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးမျိုးနိုင်(ဗိုလ်ကြီး-ငြိမ်း)က အဖွဲ့လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းသားသမီးများဖြစ်ကြသော အထက်တန်း ၁၀ ဦး၊ အလယ်တန်း ၃၀ ၊ မူလတန်း ၁၅ ဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ်ရှစ်သိန်း၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အားငွေကျပ်ခြောက်သောင်းစီ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၆၃)

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ပညာပေးဟောပြော

ပေါက်ခေါင်း ဇူလိုင် ၂၃

၂၀၁၂-၂၀၁၃ ခုနှစ် ရွှေ့ပြောင်းတောင်ယာပပျောက်ရေး လုပ်ငန်းစီမံချက်အရ ပေါက်ခေါင်းမြို့နယ် ပိတောက်ကျောကျေးရွာနေ တောင်သူဦးစိုးဝင်း၏ ယာကွက်အတွင်း၌ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့စိုက်ပျိုးထားရှိသော ကျွန်း၊ ယူကလစ်၊ သနပ်ခါး၊ သရက် အပင် ၇၁၀၀ နှင့် ငှက်ပျော၊ နှမ်း၊ ပဲစင်းငုံတို့ ရောနှောစိုက်ခင်းကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းဆင့်နှင့် သစ်တောဝန်ထမ်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာသူ ရွာသားများနှင့်အတူ အပင်များရှင်သန်ကြီးထွားနေမှုကို ကြည့်ရှုလေ့လာကြပြီး သစ်ပင်များအား ပြုစုဆောင်ရွက်ရန် နည်းလမ်းများကို သရုပ်ပြရှင်းလင်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပိတောက်ကျောကျေးရွာ အမကကျောင်းတွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို မြို့နယ်သစ်တောအရာရှိက ကျေးရွာသူကျေးရွာသားများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်သစ်တောဦးစီးဌာန)

လှိုင်သာယာမြို့နယ် ပင်လုံဈေးမှတ်တိုင်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးဒဏ်ရာရ

ရန်ကုန် ဇူလိုင် ၂၃

လှိုင်သာယာမြို့နယ် ပင်လုံဈေးမှတ်တိုင်၌ ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ (ဝဲပုံ)

ဖြစ်ပွားပုံမှာ လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းအတိုင်း တောင်မှမြောက်သို့ စိုးမင်းထွေး(ဘ) ဦးစိုးငြိမ်း မောင်းနှင်လာသော ဘီအမ်၄က/. . . စက်ရုံကြိုပို့ယာဉ်သည် ဘရိတ်ပေါက်ကာ ဘေးချင်းယှဉ်မောင်းနှင်လာသော ဘီအမ်တစ်စီးကို ပွတ်တိုက်မိပြီး ဆိုင်ကယ်တစ်စီးကို ထပ်မံတိုက်ခဲ့သည်။ ဆက်၍ ကားလမ်းဘေးတွင်ရပ်၍ စက်ပြင်နေသော ၉၆-လိုင်းကား (ဘလက်) ၈က/. . . . မော်တော်ယာဉ်ကို ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် ရပ်သွားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းသူတစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ (၀၄၈)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ ဆီးနိတ်အမတ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ ဆီးနိတ်အမတ် Mr. Scott Ludlam နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် လွှတ်တော်နှစ်ရပ်အကြား နားလည်မှုမြင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ ဆီးနိတ်အမတ် Mr. Scott Ludlam အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မိမိအကျိုးဆောင်ရွက်သကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအကျိုးကိုလည်းဆောင်ရွက် စားသုံးသူများ အခက်အခဲဖြစ်သည်အထိ စပါးဈေးမတက်ရန် ထိန်းသိမ်း

နေပြည်တော် ဇူလိုင် ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ရှိ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး၌ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား တွေ့ဆုံပြီး ကုန်သည်လုပ်ငန်းရှင်များသည် မိမိအကျိုးဆောင်ရွက်သကဲ့သို့ တိုင်းပြည်နှင့်လူမျိုး၏အကျိုးကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်၍ ဈေးကွက်ရရှိမှု တည်ငြိမ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်စပါးနှင့်ပတ်သက်၍ စပါးဈေးကျလျှင် တောင်သူများနစ်နာပြီး စားသုံးသူများ အခက်အခဲဖြစ်သည်အထိ စပါးဈေးမတက်ရန် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဆန်ကြိတ်ခွဲမှုနှင့်ပတ်သက်၍ ခေတ်မီဆန်စက်များ တည်ဆောက်ရန် လိုအပ်ကြောင်း၊ စားအုန်းဆီတင်သွင်းမှုကြောင့် ပြည်တွင်း ဆီစက်လုပ်ငန်းရှင်များကို အထိုက်အလျောက် ထိခိုက်မှုများရှိခဲ့သည်ကို သိရှိကြောင်း၊ ပဲနှမ်းကို ပြည်ပတင်ပို့ခွင့်ပြုသည့်အတွက် ပဲနှမ်းစိုက်တောင်သူများ ပိုမိုစိုက်ပျိုးနိုင်စေရန် တောင်သူများကို ကူညီရန်လိုအပ်ကြောင်း၊ တောင်သူများ ရှင်သန်ရပ်တည်ရေးကို ကူညီဆောင်ရွက်ရန် ပျက်ကွက်ပါက တောင်သူများနှင့် ဆက်စပ်နေသော ကုန်သည်၊ ပွဲစားများကို ထိခိုက်နစ်နာလာနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မန္တလေးမြို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များနှင့် လက်ရှိဖြစ်ပေါ်နေသော ကုန်စည်ဈေးနှုန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီးရုံး) ၌ အသင်းမှတာဝန်ရှိသူများအား တွေ့ဆုံ၍ ဆန်စပါးစီးဆင်းရောင်းဝယ်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့် မန္တလေးမြို့ရှိ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး၌ ကုန်သည်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး၌ လျှပ်စစ်မီးတစ်ယူနစ်နှုန်းထားများ လျှော့ချပေးနိုင်ရေးအတွက် ဆောင်ရွက်နေ

သတင်းမှတ်စု-ကိုကြီးသာ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအရင်းအမြစ်များမှ ထွက်ရှိသည့် စွမ်းအင်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားခကို တစ်ယူနစ်နှုန်းထား ကျပ်နှစ်ရာအထိ လျှော့ချပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ လျှပ်စစ်ဓာတ်အားပိုမိုရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် ထားဝယ်ခရိုင် ကံပေါက်ဒေသ ယခင်စီမံကိန်းနေရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကြယ်နီလာကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့စက်ရုံမှ ၂၀ မဂ္ဂါဝပ်စက်တစ်လုံး၊ ၃၀ မဂ္ဂါဝပ် စက်တစ်လုံး၊ နှစ်လုံးပေါင်း ၅၀ မဂ္ဂါဝပ်ဖြင့်လည်းကောင်း၊ ထားဝယ်မြို့ရှိ အညာဖျား ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် Delco Co., Ltd. မှ ၆ မဂ္ဂါဝပ် စက်လေးလုံးဖြင့် လည်းကောင်း၊ ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲတွင် Gunkul Engineering Public Co., Ltd. မှ အနည်းဆုံး ၂၀၀ မဂ္ဂါဝပ်ရှိ လေအားလျှပ်စစ်စက်ရုံ စီမံကိန်းကိုလည်းကောင်း၊ မြိတ်မြို့ ကျွဲကူးကျေးရွာ၌ သန်းဖြိုးသူ ကုမ္ပဏီမှ ၅၀ မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ကော့သောင်းမြို့ ရွှေပြည်သာ စက်မှုဇုန်တွင် သန်းဖြိုးသူကုမ္ပဏီမှ ဆောင်ရွက်သည့် မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အား မထိခိုက်စေမည့်ခေတ်မီနည်းစနစ်များ အသုံးပြုထားသည့် ၈ မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလည်းကောင်း၊ တနင်္သာရီမြို့ အထက်ဘက် ၃၅ မိုင်ခန့်အကွာ မေအွန်ကျေးရွာအနီး တနင်္သာရီမြစ်ပေါ်တွင် ITD Co., Ltd. မှ ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် တည်ဆောက်မည့် ၉၀၀ မဂ္ဂါဝပ်ရှိ မေယွန်ရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်းကောင်း တည်ဆောက်နိုင်ရန် တိုင်းတာလျက်ရှိကြောင်း သိရှိရသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသခံပြည်သူများသည် တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့်ဌာနနှင့် အဖွဲ့အစည်းများမှနေ၍ လျှပ်စစ်မီးတစ်ယူနစ်လျှင် အနည်းဆုံး ပျမ်းမျှ ကျပ် ၄၅၀ အထိ ပေးဆောင်၍ လျှပ်စစ်မီးသုံးစွဲနေရသည့်အတွက် လျှပ်စစ်သုံးစွဲခများ ကျပ်နှစ်ရာအထိ ကျဆင်းသုံးစွဲသွားနိုင်ရေးအတွက် သက်ဆိုင်ရာများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

စိုက်ပျိုးပေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၂-၂၀၁၃ မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၂၁ ရက်က သာစည်မြို့နယ် မင်းလှကျေးရွာအနီး သိမ်တော်ဘုရားကုန်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ယူကလစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (၄၁၄)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးချစ်မင်းစံသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကစားဖော်များဖြစ်ကြသော ဦးရီဝ၊ ဦးအောင်စစ်ထွေး၊ဦးထက်အောင်ရဲရင့်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၆၀)ကိုက် အကွာမှ Titleist Pro VIX No.(6) ဘောလုံးကို Taylor Made R-11 Iron(8) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ကုန်ဈေးနှုန်းသတင်း ၂၃-၇-၂၀၁၂

ဆန်ကြမ်းဈေးလှုပ်သော်လည်း ဆန်ချောဈေးငြိမ်

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဆန်ကြမ်းခေါ် အမာဆန်များ ယခုတစ်ပတ်၌ တရုတ်နှင့်ထိုင်းတို့မှ အဝယ်လိုက်လာကြောင်း ဘုရင့်နောင်ပွဲရုံမှ အဝယ်ဒိုင်တစ်ဦးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့်အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဆန်များကို လမ်းမတော် ဗောတံတားဆိပ်နှင့် ကြည့်မြင်တိုင်ဗောတံတားဆိပ်တို့မှ နေ့စဉ်ဝင်လျက်ရှိရာ ဆန်ချောထက် ဆန်မာ၊ ဆန်ကြမ်းများ အဝင်များလျက်ရှိကြောင်း သိရသည်။

ပြည်ပဝယ်လိုအား မြင့်လာသည့်အတွက် ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ပုံမှန်ဈေးထက် ကျပ် ၂၀၀၊ ၃၀၀၊ ၅၀၀ တဖြည်းဖြည်းတက်လာပြီး ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ကျော် သွားပြီဖြစ်ကြောင်း ဆန်ဆိုင်ကြီး တစ်ဆိုင်မှ သိရသည်။

ဆန်ချောများအနေဖြင့် မိုးရာသီဖြစ်၍ အများအပြားဝယ်ယူသူ နည်းသည့်အတွက် ဆန်ချောဈေးငြိမ်နေသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဆန်ကြမ်းဈေးတက်လာပါက ဆန်ချောဈေးလည်း လှုပ်လာနိုင်ကြောင်း ဆန်ကုန်သည်ကြီး တစ်ဦးက တွက်ပြသည်။

ဆန်ကြမ်း ဇီယာဈေးမှာ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ရိုးရိုးကျပ် ၁၃၆၀၀၊ ရှယ် ကျပ် ၁၅၅၀၀၊ မနောသုခ ရိုးရိုး ကျပ် ၁၆၀၀၀၊ ရှယ်ကျပ် ၁၉၀၀၀ အထိ ဈေးရှိနေကြောင်း ဆန်ဈေးကွက်မှ ရရှိသောသတင်းကို ဖြန့်ခင်းရေးသားလိုက်ရပါသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များမှဝင်လာသော ဆန်များကို ကြည့်မြင်တိုင် ဆိပ်ကမ်းတွင်ချပြီး ကားကြီးများပေါ်တင်နေစဉ်။

စုပေါင်းဆောင်ရွက်

ဇူလိုင် ၂၂ ရက်က မအူပင်မြို့ အမှတ်(၁၁)ရပ်ကွက်တွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ကားအဝင်/အထွက်လမ်းများ ကောင်းမွန်ရေးအတွက် လမ်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲ/ယာတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးပြီး ရေမြောင်းများတူးဖော်ခြင်းတို့ကို ကရဏာလူမှုကူညီရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၇-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၇း၃၀ နံနက်ခင်းသတင်း
၈း၁၅ **ဂန္ထဝင်စံထားသံလွင်တံတား(မော်လမြိုင်)မှသည် ရာမညသားအိပ်မက်များ နိုးထနိုင်ပြီ**
၈း၄၀ International News
၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ စစ်ချီတေး၊စစ်သည်တေး
၄း၂၀ အတီးပြိုင်ပွဲ
၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရသစာပေအရေးအသား အထူးပြု)(ရသစာပေအရေးအသား)
၄း၅၅ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ **မနိုင်သောအရှုံး**
၅း၄၅ **မြန်မာ့သမိုင်းဝင်ခံတပ်များ**
၆း၀၀ ညနေခင်းသတင်း
၇း၁၀ **ဇီဝမျိုးစုံမျိုးကွဲများ**
၇း၂၀ **စဉ်ဆက်ပွင့်လန်းစေတနာ မိုးပွင့်ပန်း**
၇း၃၅ **ညောင်ရမ်းမှရှင် (၁၀၀) အလှူပွဲ ခြိမ့်ခြိမ့်သဲ**
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ချိုမြိန်ရသာ မုန့်ကဗ္ဗာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ ချစ်သမီး** (အပိုင်း-၂၆)
- အိန္ဒိယရုပ်ရှင် **ဂျာဒူး** (အပိုင်း-၂)

ကိုလံဘီယာအရှေ့ပိုင်း၌ ရေနံပိုက်လိုင်းဖောက်ခွဲခံရ မြစ်ရေညစ်ညမ်းမှုကြောင့် ဒေသခံများရေအခက်ကြုံ

ဘိုဂိုတာ ဇူလိုင် ၂၃

ကိုလံဘီယာနိုင်ငံအရှေ့ပိုင်း၌ ဖောက်ခွဲဖျက်ဆီးခံရသော ရေနံပိုက်လိုင်းမှ ရေနံများယိုစိမ့်ခဲ့ခြင်းကြောင့် မြစ်ချောင်းများညစ်ညမ်းလျက်ရှိကြောင်း၊ ဒေသခံ လူပေါင်း ၁၂၀၀၀၀ ကျော် မြစ်ရေညစ်ညမ်းမှုကြောင့် သုံးရေပြတ်လပ်မှုအခြေအနေနှင့် ရင်ဆိုင်နေကြရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ဖောက်ခွဲဖျက်ဆီး

အမည်မသိဖောက်ခွဲရေးသမားတစ်စုက ဘိုယာကာပြည်နယ် ဘူဘာရာမြို့အနီး ကာနိုလီမွန်ကိုဗင်နက်စ်ရေနံတွင်းအနီး အရှည် ၇၈၀ ကီလိုမီတာရှိ ရေနံပိုက်လိုင်းကို စနေနေ့ ညပိုင်းက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် ဆာရာဗန်နာမြို့ငယ်လေးသည် ထိခိုက်မှုကြီးမားခဲ့ရကြောင်း ကိုလံဘီယာသတ္တုနှင့် စွမ်းအင် ဝန်ကြီး မော်ရီစီယိုကာဒင်နက်စ်က ပြောကြားသည်။

ဆာရာဗန်နာမြို့လေးသည် မကြာသေးသည့်နှစ်များက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ဓာတ်သတ္တုနှင့် ရေနံရှာဖွေရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာ အချက်အချာကျရာမြို့ ဖြစ်လာခဲ့သည်။

ရင်ဆိုင်ကြုံတွေ့

ယိုစိမ့်ရေနံများ ရိုယိုတာနှင့် အာရကာမြစ်များအတွင်း ပျံ့နှံ့ဝင်ရောက်လျက်ရှိရာ ဆာရာဗန်နာမြို့နှင့် အနီးဝန်းကျင် ရေပေးဝေရေးစနစ်ကို ထိခိုက်စေခဲ့သည်။ ဒေသခံပြည်သူ ၁၂၀၀၀၀ ကျော် သောက်သုံးရေ ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး စိုးရိမ်မိကြောင်း၊ ဒေသတာဝန်ရှိသူများအနေဖြင့်လည်း ယိုစိမ့်ရေနံများ ပျံ့နှံ့နေမှုကို ရပ်တန့်သွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ကာဒင်နက်စ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွား ၁၀၇ ဦး သေဆုံး၊ ၂၁၆ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၃

ဘဂ္ဂဒက်မြို့နှင့် မြို့မြောက်ဘက်တို့တွင် ဇူလိုင် ၂၃ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် သေနတ်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀၇ ဦး သေဆုံးပြီး ၂၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ **(ဝဲပုံ)**

သေဆုံးသူအများစုမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သည်။ တိုက်ခိုက်ရေးသမားများက ထိပ်တန်းအစိုးရတာဝန်ရှိသူတစ်ဦးအား ပစ်မှတ်ထားတိုက်ခိုက်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုးရွားဆုံးဖြစ်ပွားရာနေရာမှာ ဘဂ္ဂဒက်မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ဆွန်နီတို့နေထိုင်ရာ တာဂျီးမြို့၌ဖြစ်ပြီး အနည်းဆုံး ၄၁ ဦးသေဆုံးခဲ့ရသည်။ အီရတ်နိုင်ငံ၌ ယင်းနေ့တိုက်ခိုက်မှုများသည် ယခုနှစ်အတွင်း သွေးထွက်သံယိုအဖြစ်များဆုံး နေ့တစ်နေ့ဖြစ်ပြီး အနည်းဆုံး ၁၇၂ ဦး ဒဏ်ရာရရှိခဲ့သည်။ အပြင်းအထန်ဆုံး ဗုံးခွဲတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်နှင့် ကယ်ကွတ်မြို့မြောက်ပိုင်းတို့၌ ဖြစ်ပွားခဲ့သည်။ ဒူလူယာ၊ ဆာဒီယာ၊ ခန်းဘီနီဆက်၊ တွတ်ကုမာတု၊ ဒီဘစ် စသောဒေသများတွင်လည်း တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ဘဂ္ဂဒက်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၇ ဦးသေဆုံးပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံတွင် ဇွန်လအတွင်း တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၂၃၇ ဦး သေဆုံးခဲ့ရသည်။ ယင်းလသည် အီရတ်နိုင်ငံမှ အမေရိကန်တပ်များ ဒီဇင်ဘာလက ဆုတ်ခွာပြီးနောက် သေဆုံးမှုအများဆုံးလဖြစ်သည်။ **(အင်တာနက်)**

ဆားစားသုံးမှုလျှော့ချနိုင်လျှင် ကင်ဆာရောဂါဖြစ်ပွားမှုနည်းမည်

လန်ဒန် ဇူလိုင် ၂၃

အစားအသောက်များတွင် ဆားလျှော့စားခြင်းသည် အစာအိမ်ကင်ဆာရောဂါဖြစ်ပွားခြင်းကို လျှော့ကျစေနိုင်ကြောင်း ကမ္ဘာ့ကင်ဆာသုတေသနရန်ပုံငွေအဖွဲ့ (ဒဗလျူစီအာအက်ဖ်)က ထုတ်ဖော်ပြောကြားလိုက်သည်။ **(ယာပုံ)**

လူတို့အနေဖြင့် စားသုံးသောအစားအစာများတွင် ဆားကိုတတ်နိုင်သမျှ လျှော့စားသင့်ကြောင်း၊ အစားအသောက်များတွင် ဆားသုံးစွဲမှုပမာဏကို ဖော်ပြထားသင့်ကြောင်း ကမ္ဘာ့ကင်ဆာသုတေသန ရန်ပုံငွေအဖွဲ့ကြီးက ပြောကြားသည်။ လူတို့အနေဖြင့် ဆားကိုစားသုံးရာတွင် အကန့်အသတ်ပမာဏထားပြီးစားသုံးကြမည်ဆိုလျှင် အစာအိမ်ကင်ဆာဖြစ်ပွားမှုကို လျှော့ချကာကွယ်နိုင်မည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ဆက်လက်ပြောကြားသည်။

ဆားများများစားသုံးခြင်းသည် သွေးတိုးခြင်းကို ဆိုးရွားစွာဖြစ်ပေါ်နိုင်ပြီး နှလုံးရောဂါနှင့် လေဖြတ်ခြင်းရောဂါများအထိ ဖြစ်ပွားနိုင်ကြောင်း၊ ထို့အပြင် ကင်ဆာပါဖြစ်နိုင်သည်ဟု ဆိုသည်။

ဆရာဝန်အချို့က လူတစ်ဦးအနေဖြင့် ဆားကို နေ့စဉ် ခြောက်ဂရမ် (လက်ဖက်ရည်ဇွန်း တစ်ဇွန်း) ခန့်သာ စားသုံးသင့်သည်ဟုဆိုသော်လည်း ကမ္ဘာ့ကင်ဆာသုတေသနရန်ပုံငွေအဖွဲ့က နေ့စဉ် လူတစ်ဦး ၈ ဒသမ ၆ ဂရမ် စားသုံးသင့်သည်ဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၃-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

စပိန်နိုင်ငံ ကာတာလိုနီးယားဒေသ၌တောမီးလောင်

*စပိန်နိုင်ငံအရှေ့မြောက်ပိုင်း ကာတာလိုနီးယားဒေသတွင် ဇူလိုင် ၂၂ရက်က တောမီးလောင်ကျွမ်းမှုကြောင့် သုံးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)***

အဆိုပါတောမီးလောင်မှုကြောင့် ပြင်သစ်နိုင်ငံသားနှစ်ဦး မီးတောက်များမှ လွတ်မြောက်ရန်ကြိုးစားစဉ် ပြင်သစ်နှင့် စပိန်နယ်စပ်ရှိ ပင်လယ်ရေပြင်အတွင်း ခုန်ချခဲ့မှုကြောင့် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဖီလစ်ပွန်က ပြောကြားခဲ့သည်။ တောမီးလောင်ကျွမ်းနေချိန်တွင် လေပြင်းများ တစ်နာရီလျှင် ကီလိုမီတာ ၉၀ကျော် (၅၅မိုင်)အထိ တိုက်ခတ်သဖြင့် မီးလောင်မှုအရှိန်ကို ပိုမိုမြင့်ခဲ့ပြီး မီးကိုမထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူပေါင်း ၁၃၅၀၀၀ခန့်နေထိုင်သည့် အက်အင်န်ပေါ်ဒါ စီရင်စုရှိ ဒေသခံများ အားလုံးကို နေအိမ်များအတွင်း၌သာနေကြရန် ထုတ်ပြန်ထားသည်။ အဆိုပါဒေသသည် ပြင်သစ်တောင်ပိုင်းမှ အားလပ်ရက်အပျော်ခရီးထွက်ရာ အဓိကကျသော ခရီးလမ်းနေရာတစ်နေရာဖြစ်သည်။ AP-7နယ်စပ်ဖြတ်အဝေးပြေးလမ်းပေါ်တွင် ယင်းနေ့က မော်တော်ယာဉ်အချို့နှင့် လူအများအပြား ပိတ်မိနေပြီး ခရီးစဉ်နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။ သေဆုံးသူများမှာ အသက် ၆၀ အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ်ရှိ ၎င်း၏သမီးဖြစ်ကြောင်း၊ အခြားတစ်ဦးမှာ ယင်းဒေသရှိ ဖီဂွါရက်မြို့၏ အနောက်မြောက်ပိုင်း လီယာအရပ်မှ အသက် ၇၅ နှစ် အရွယ်အမျိုးသားကြီးတစ်ဦးဖြစ်ပြီး ၎င်းမှာ နှလုံးခုန်ရပ်ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စပိန်မီဒီယာများက ပြောကြားသည်။

ကိုယ်အလေးချိန် ၂၃၀ ကီလိုရှိ ဝလွန်းသူ ဇင်ဘာဘွေအမျိုးသမီး အိန္ဒိယ၌ ခွဲစိတ်မှုအောင်မြင်

ကိုယ်အလေးချိန် ၂၃၀ ကီလိုဂရမ်ရှိသော အသက် ၂၈ နှစ်အရွယ် ဇင်ဘာဘွေအမျိုးသမီးတစ်ဦးသည် သူမ၏အဝလွန်မှုကို လျှော့ချရန် အိန္ဒိယနိုင်ငံ၌ ခွဲစိတ်ကုသခံယူမှုအောင်မြင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က ထုတ်ပြန်သည့် သည်ဆန်းဒေးမေးလ် သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြပါရှိသည်။

အိန္ဒိယနိုင်ငံအမက်ဒါဘတ်မြို့ရှိ အထူးကုဆေးခန်းတစ်ခုမှ ဆရာဝန်အဖွဲ့တစ်ဖွဲ့သည် အဆိုပါ ဇင်ဘာဘွေ အမျိုးသမီးအား အဆင့်မြင့် အဝလွန်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုနည်းများဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ထိုကဲ့သို့ ခွဲစိတ်ကုသမှုမျိုးသည် အိန္ဒိယနိုင်ငံတွင် ပထမဆုံးဖြစ်မည်ဟု ယုံကြည်သည်။ အဝလွန်မှုနှင့် ဆက်စပ်ရောဂါဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်များ၊ နှလုံးရောဂါအထူးကုဆရာဝန်များနှင့် မေ့ဆေးဆရာဝန်များ ပါဝင်သည့် ဆရာဝန်ခုနစ်ဦးပါ အဖွဲ့တစ်ဖွဲ့က အမည်ထုတ်ဖော်ပြောကြားခြင်းမရှိသည့် အဆိုပါဇင်ဘာဘွေအမျိုးသမီးအား ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဝလွန်ရောဂါခွဲစိတ်ဆရာဝန်များက ၎င်းအမျိုးသမီး၏ ဝမ်းဗိုက်အတွင်း စားသောက်နိုင်မှုနှင့်အစာချေဖျက်နိုင်မှု အစာပမာဏကို ကန့်သတ်ပေးထားပြီး အစာအိမ်တည်ဆောက်ပုံကို ပြောင်းလဲပေးခြင်းဖြင့် သူမ၏ ကိုယ်အလေးချိန်မြင့်မားမှုကို လျှော့ချပေးခဲ့သည်ဟု ဆရာဝန်များက ပြောကြားသည်။ *(အင်တာနက်)*

အာဖရိကဒေသနိုင်ငံအချို့၌ အိတ်ချ်အိုင်ဗွီဆေးယဉ်ပါးမှုများလာ

လန်ဒန် ဇူလိုင် ၂၃

အာဖရိကဒေသနိုင်ငံအချို့၌ လွန်ခဲ့သောဆယ်စုနှစ်ကျော်က အိတ်ချ်အိုင်ဗွီဆေးယဉ်ပါးမှုတိုးပွားလာနေကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ရာ ဇူလိုင် ၂၃ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိတ်ချ်အိုင်ဗွီကူးစက်ခံရသူ ၂၆၀၀၀ ခန့်မှာ ဆေးမတိုး၍ ကုမရဘဲဖြစ်နေကြောင်း သုတေသနအဖွဲ့၏ လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိတ်ချ်အိုင်ဗွီကူးစက်ခံရသူများသည် ဆေးကို ပုံမှန်သောက်သုံးခြင်းမရှိကြသဖြင့် ဆေးယဉ်ပါးလာခြင်းဖြစ်နိုင်ကြောင်း သုတေသီများက ပြောကြားသည်။ ဆေးယဉ်ပါးမှုပြဿနာသည် အာဖရိကတွင် ကြီးမားသောပြဿနာဖြစ်လာကြောင်း ဗြိတိသျှ အိတ်ချ်အိုင်ဗွီသုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

တွေ့ရှိထား

အိတ်ချ်အိုင်ဗွီဆေးယဉ်ပါးမှုကို အာဖရိကအရှေ့ပိုင်း၌ နှစ်စဉ် ၂၉ ရာခိုင်နှုန်း တိုးလာလျက်ရှိကြောင်း၊ အာဖရိကတောင်ပိုင်း၌ နှစ်စဉ်ဆေးယဉ်ပါးမှု ၁၄ ရာခိုင်နှုန်း တိုးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တွေ့ရှိထားသည်။ **(အင်တာနက်)**

တူရကီလုံခြုံရေးတပ်ပိုင် ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်လေးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

အစ္စတန်ဘူ ဇူလိုင် ၂၃

တူရကီနိုင်ငံအရှေ့တောင်ပိုင်း အီရတ်နယ်စပ်အနီးတွင် ဇူလိုင် ၂၂ ရက်က တူရကီလုံခြုံရေးတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျသဖြင့် အနည်းဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

ဟက်ကာရီပြည်နယ် ယူဆီယိုဗာမြို့ ကင်းစခန်းတစ်ခုအနီးသို့ ဆင်းသက်စဉ် အက်စ်-၇၀ ဆီကောစကီးရဟတ်ယာဉ်သည် ဇူလိုင် ၂၂ ရက်က ပျက်ကျခဲ့ကြောင်း တူရကီစစ်ဘက်က ကြေညာသည်။

ရဟတ်ယာဉ်မှာစက်ချွတ်ယွင်းပြီး ပျက်ကျခြင်းဖြစ်သည်ဟု ဆို၏။ ဒဏ်ရာရ တပ်ဖွဲ့ဝင်များကို ဟက်ကာရီစစ်ဆေးရုံသို့ တင်ပို့လိုက်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

နိုင်ငံခြားသား ကန်ထရိုက်တာသုံးဦး အာဖဂန်နစ္စတန်၌ အသတ်ခံရ

ကဘူးလ် ဇူလိုင် ၂၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇူလိုင် ၂၂ ရက်က အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များအတွက် ခေါ်ယူထားသည့် နိုင်ငံခြားသားကန်ထရိုက်တာသုံးဦး အသတ်ခံရကြောင်း နေတိုးနှင့် အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

နိုင်ငံခြားသားကြေးစားစစ်သားများဟု ခေါ်တွင်သည့် ကန်ထရိုက်တာ သုံးဦးမှာ ဇူလိုင် ၂၂ ရက်က အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်ဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦး၏ ပစ်သတ်ခြင်းခံရကြောင်း အိုင်အက်စ်အေအက်ဖ်က ကြေညာသည်။ နိုင်ငံခြားတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရသွားပြီး သေနတ်ဖြင့် ပစ်သူမှာလည်း ထိုနေရာ၌ ပွဲချင်းပြီး သေဆုံးသွားသည်။ အိုင်အက်စ်အေအက်ဖ်က အသေးစိတ်မဖော်ပြသော်လည်း အမည်မဖော်လိုသူ အာဖဂန်အရာရှိတစ်ဦးက ၎င်းပစ်ခတ်မှုတွင် အမေရိကန်နိုင်ငံသားနှစ်ဦး သေဆုံးခဲ့သည်ဟုဆိုသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(၂၀၁၂)ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(၂၀၁၂) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းများအရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(၂၀၁၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရတနာသိယ်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. Yuji TAKAGI က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဟိုတယ်၌ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာ ကျော်ကျော်ဌေးနှင့် ဦးစိုးဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်း ပြည်ပမှပညာရှင်များ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့(၁၄)ခုတို့မှအလယ်အလတ်အဆင့် အရာထမ်းကိုယ်စားလှယ်(၆၀) တက်ရောက်ကြပြီး ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များက အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ အောင်မြင်သော စီမံခန့်ခွဲမှုအကြောင်းအရာများကို အဆိုပါဟိုတယ်၌ ဇူလိုင် ၂၇ ရက်အထိ ငါးရက်ကြာဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးအောင်ကြည်(ငြိမ်း)- ဒေါ်နီလာထွန်း မိသားစု ရန်ကင်းမြို့နယ်က ငွေကျပ်ငါးသိန်းနှင့် စောင်၊ ခြင်ထောင်တစ်ထုပ်၊ အဝတ်အထည်တစ်ထုပ်၊ စင်ကာပူနိုင်ငံနေ Mr. Michael McDonaid က ကလေးအဝတ်အထည်တစ်ထုပ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှ စာချဆရာတော် ဉာဏဝံနှင့် သံဃာတော်များက ငွေကျပ်နှစ်သိန်းငါးသောင်းနှင့် သင်္ကန်းနှစ်စုံ၊ ဒေါ်မြမြစန်းနှင့် မောင်ဦးမောင်မောင်လှက ငွေကျပ် ငါးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဒေါ်သန်းမြင့် မိသားစုက အဝတ်အထည်သုံးထုပ်၊ မဖင်နွယ်ဝေ လှိုင်မြို့နယ်၊ ဒေါ်ခင်သောင်းမြင့် မိသားစု၊ ဦးဌေးလွင်၊ ဒေါ်မြင့်သောင်း မိသားစုနှင့် ဦးဝင်းကြိုင်- ဒေါ်မေရီခိုင် မိသားစုတို့က အဝတ်အထည် နှစ်ထုပ်စီ၊ ဒေါ်သန်းခွဲ့ တာမွေမြို့နယ်က အဝတ်အထည်တစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယနေ့အထိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ လာရောက်လှူဒါန်းသည့် အလှူငွေရရှိမှုမှာ ငွေ ၁၀၂၉၄၁၀၇၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၃-၇-၂၀၁၂

နေပြည်တော် (သပြေကုန်း)
၁ ဒသမ ၆၅ လက်မ
နေပြည်တော်(ရေဆင်း)
၁ ဒသမ ၄၁ လက်မ
တောင်ငူ(လေကြောင်း)
၄ ဒသမ ၀၆ လက်မ
ကျောက်ဖြူမြို့
၃ ဒသမ ၃၀ လက်မ
မြစ်ကြီးနားမြို့
၃ ဒသမ ၀၃ လက်မ
ဘားအံမြို့
၂ ဒသမ ၂၅ လက်မ
ကော့ကရိတ်မြို့
၂ ဒသမ ၂၀ လက်မ၊

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

လပွတ္တာ ဇူလိုင် ၂၃

ပြင်စလူမြို့နယ်ခွဲ ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဘိုကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၅ ရက်က ကျင်းပရာ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် လပွတ္တာခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ဦးဆောင်ပြီး ကျေးရွာနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

လက်ခံ

ဇူလိုင် ၂၀ ရက်က ရန်ကုန်တိုင်းရင်းဆေးရုံကြီး သံဃာတော်များ ဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် ဦးခင်မောင်ဝင်း-ဒေါ်ခင်လှိုင်မြင့်(ရွှေမန်းတောင် ဆေးတိုက်မိသားစု)က ငွေကျပ် ၁၀သိန်းကို လှူဒါန်းရာ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးသိန်းဝင်းလက်ခံစဉ်။

(မြန်မာ့အလင်း)

ဇဝနမှတ်တိုင်အနီး ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဇဝနမှတ်တိုင်အနီး လေးထောင့်ကန်လမ်းမကြီးပေါ်တွင် စံပြဈေးဘက်မှ မောင်းနှင်လာသည့် စူပါရဗင်တက္ကစီယာဉ်အမှတ် သ/ . . . သည် စည်ပင်သာယာအမှိုက်သိမ်းလက်တွန်းလှည်းတွန်းလာသည့် စည်ပင်သန့်ရှင်းရေးဝန်ထမ်း ဒေါ်ဗျော့စိန် ၅၆ နှစ်အား နောက်မှအရှိန်ဖြင့် ဝင်တိုက်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေါ်ဗျော့စိန်မှာ နှာခေါင်းရိုးကျိုး၊ နဖူးပေါက်ပြဲဒဏ်ရာများရရှိကာ သင်္ဃန်းကျွန်းစံပြဆေးရုံသို့ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့သည်။ အငှားယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးနေကြောင်း သိရှိရသည်။ **(နေလင်း-သတင်းစဉ်)**

ငါးခူ၊ ငါးကျည်း၊ ငါးရှဉ့် စမ်းသပ်မွေးမြူရန်တိုက်တွန်း

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့က ပြည်ပဈေးကွက်၌ ငါးမြစ်ချင်းငါးဝယ်လိုအား သုံးနှစ်ဆက်တိုက် ထူးထူးခြားခြားတိုးတက်လာမှုမရှိခြင်း၊ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ငါးမြစ်ချင်းနှင့် ငါးတန်ငါးများဝယ်လိုမှုထက် ထုတ်လုပ်မှုပိုလျှံသဖြင့် ငါးမွေးမြူသူများအရှုံးပေါ်ခဲ့ခြင်း၊ မြေပဲနှင့်နှမ်းတို့ကို အစေ့အဆန်အလိုက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ပဲဖတ်နှင့်နှမ်းဖတ်ထွက်ရှိမှုလျော့နည်းသောကြောင့် အစာဈေးယခုထက်ကျဆင်းရန်နှင့် ငါးဈေးအလွန်အမင်းတက်ရန် မျှော်လင့်မထားနိုင်ခြင်းတို့ကြောင့် ယခုငါးမွေးရာသီ မျိုးငါးလွှတ်ချိန်မှစ၍ ယခင်တစ်ဧက ငါးကောင်ရေ ၂၀၀၀ မှ ၃၀၀၀ အထိ မွေးမြူရာမှ ငါးကောင်ရေ ၁၀၀၀ မှ ၁၃၀၀ အထိ လျှော့ချမွေးမြူရန်၊ နှစ်ဧကအထက်ပိုသော ကန်ငယ်များတွင် နိုင်နင်းစွာ စီမံကြီးကြပ်နိုင်မည်ဆိုပါက ရေချို ပုစွန်တုပ်ကြီး၊ ကကတစ်၊ ငါးရံ့၊ ငါးပြေမ၊ တီလားဗီးယားစသည့် သင့်လျော်ရာငါးတစ်မျိုးမျိုးကို အထူးဂရုစိုက် မွေးမြူရန် ငါးခူ၊ ငါးကျည်း၊ ငါးရှဉ့်တို့ကို အသားတိုးစမ်းသပ်မွေးမြူရန် ငါးမွေးမြူသူများအား တိုက်တွန်းနှိုးဆော်ထားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "ကျွန်တော်တို့ သုံးနှစ်ဆက်တိုက်ကိန်းဂဏန်းတွေနဲ့အခြေအနေကို လေ့လာသုံးသပ်ပြီးမှ အခုလိုပြောတာပါ။ သူများတွေလျှော့မွေးတဲ့အချိန်မှာ တိုးမွေးရင် အကျိုးဖြစ်ထွန်းမယ်ဆိုတဲ့ အတွေးအမှားနဲ့ တစ်ယောက်ကစ တစ်ရာဆိုသလို တိုးမွေးကြမယ်ဆိုရင် အရှုံးနဲ့ရင်ဆိုင်ကြရဦးမှာပါ။ အားလုံးအကျိုးဆုတ်ယုတ်ဖို့ပဲ ရှိပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။ **(ညွှန့်သန်း)**

နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး စုစည်းသည်

တိုးဒီဖရန့်ချန်ပီယံဆု ဘရက်ဒလေဝက်ဂျင်းစ်ဆွတ်ခူး

ပါရီ ဇူလိုင် ၂၃

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲသည် ဇူလိုင် ၂၃ ရက်က ပြီးစီးသွားပြီဖြစ်ရာ ဗြိတိန်နိုင်ငံမှ စက်ဘီးစီးချန်ပီယံ ဘရက်ဒလေဝက်ဂျင်းစ်သည် တိုးဒီဖရန့် ချန်ပီယံဆုကြီးကို ထိုက်တန်စွာ ဆွတ်ခူးရရှိသွားပြီဖြစ်သည်။ **(ဓာတ်ပုံ)**

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို အဆင့် ၂၃ ဆင့်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ဘရက်ဒလေဝက်ဂျင်းစ်က ယင်းအဆင့် ၂၃ ဆင့်တွင် စုစုပေါင်း ပြိုင်ပွဲဝင်ချိန်နာရီအနည်းဆုံးဖြင့် ဗြိတိန်နိုင်ငံအတွက် ပထမဆုံးချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်း၏ စုစုပေါင်းပြိုင်ပွဲဝင်ချိန်သည် ၈၇ နာရီ ၃၄ မိနစ် ၄၇ စက္ကန့်ဖြစ်သည်။ ၎င်း၏နောက်မှ အခြားဗြိတိသျှ စက်ဘီးစီးအားကစားသမားတစ်ဦးဖြစ်သည့် ကာဗင်ဒစ်က ဘရက်ဒလေဝက်ဂျင်းစ်ထက် ၃ မိနစ်နှင့် ၂၁ စက္ကန့်ပို၍ ယှဉ်ပြိုင်ခဲ့သည်။ အီတလီမှ ဗင်းဆင့်ဇိုနီဘာလီက ၆ မိနစ်နှင့် ၁၉ စက္ကန့်ပိုသည်။ နောက်ဆုံးနေ့ အဆင့် ၂၃ ပြိုင်ပွဲတွင် ဗြိတိသျှမှ ကာဗင်ဒစ်က ပြိုင်ပွဲဝင်ချိန် ၃ နာရီ ၈ မိနစ် ၇စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ သို့သော် စုစုပေါင်း ပြိုင်ပွဲဝင်ချိန်နာရီအနည်းဆုံးမှာ ဘရက်ဒလေဝက်ဂျင်းစ်ဖြစ်၍တိုးဒီဖရန့် ချန်ပီယံဆုကြီးကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗြိတိသျှအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တောင်အာဖရိကမှ အာနီးအဲစ် ဖလားဆွတ်ခူး

လန်ဒန် ဇူလိုင် ၂၃

*ဗြိတိသျှအိုးပင်း ဂေါက်သီးရိုက်အားကစားပြိုင်ပွဲကို ဗြိတိသျှနိုင်ငံ ရှိုင်ရယ်လိုင်သန်နှင့် စိန့်အန်းနက်စ်ဂေါက်သီးကလပ်၌ ဇူလိုင် ၂၂ ရက်က နောက်ဆုံးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ တောင်အာဖရိက ဂေါက်သီးကစားသမား အာနီးအဲစ်က ဒုတိယအကြိမ်မြောက်ဖလား ဆွတ်ခူးရရှိသွားခဲ့သည်။ အသက် ၄၂ နှစ်ရှိ အာနီးအဲစ် **(ယာပုံ)** သည် နောက်ဆုံးနေ့ ၁၈ ကျင်းတွင် ဘာဒီရခဲ့သည်။စုစုပေါင်းလေးရက် ကစားအပြီး သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ပထမနေ့နှင့် တတိယနေ့တွင် ပြိုင်ဘက်များကို ဦးဆောင်ကစားခဲ့သော သြစတြေးလျဂေါက်သီးကစားသမား အဒမ်စကော့သည် နောက်ဆုံးလေးကျင်းကစားစဉ် အချက်ပိုများ ရိုက်ခဲ့ရသဖြင့် ဖလားနှင့် ကပ်လွဲသွားခဲ့ရသည်။ သို့သော်လည်း စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်နိုင်ခဲ့သည်။ အာနီးအဲစ် ယခုဆွတ်ခူးရရှိသွားသော ဗြိတိသျှအိုးပင်းဖလားမှာ လေးလုံးမြောက် အဓိကဖလားဖြစ်သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်နောက်ပိုင်း မူယာဖီးလ်၌ အိုးပင်းဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဖလားဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ၁၉၉၄ နှင့် ၁၉၉၇ ခုနှစ်တို့တွင် အမေရိကန်အိုးပင်း ဖလားများကို ဆွတ်ခူးနိုင်ခဲ့သည်။ အာနီးအဲစ်သည် ယခုဗြိတိသျှအိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သဖြင့် ဖလားနှင့်အတူ ဆုကြေးငွေပေါင် ၉၀၀၀၀၀တန် ချက်လက်မှတ်ကိုပါ ဆွတ်ခူးရရှိသွားခဲ့သည်။* ***(အင်တာနက်)***

✻ ပြည်ထောင်စုလွှတ်တော်မှ

စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သတ်မှတ်စီမံကိန်းများ မဆောင်ရွက်နိုင်ပါက နိုင်ငံတော်နှင့်တောင်သူလယ်သမားများအတွက်ပါ အကျိုးမရှိသည်ကိုတွေ့ရပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းများမလုပ်ဆောင်နိုင်ပါက မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခြင်း၊ ခွဲဝေပေးခြင်းများဆောင်ရွက်ရန်သင့်ပါကြောင်း။

ပန်းတနော်မြို့နယ်တွင် ရေနက်ကွင်းဖော်ထုတ်သည့်စီမံကိန်း(၁၀)ခုရှိပါကြောင်း၊ ရေနက်ကွင်းသတ်မှတ်၍ ယူထားသည့်မြေဧရိယာမှာ (၃၆၆၆၅)ဧကရှိပါကြောင်း၊ ၎င်းအထဲတွင် အင်းပေါင်း (၁၂၃)အင်း ပါဝင်ပါကြောင်း၊ လယ်သမားများက ကုမ္ပဏီများအနေဖြင့် ရေနက်ကွင်းလယ်ယာကိုဖော်ထုတ်နိုင်မည်ဟု မျှော်လင့်သော်လည်း လယ်ယာမြေများဖြစ်မလာဘဲ ငါးကန်များဖြစ်လာပါကြောင်း၊ ရေနက်ကွင်းတွင်ပါသည့် အင်းများကို ရောင်းစားပြီး လယ်ဖော်ထုတ်နိုင်မှုအလွန်နည်းပါကြောင်း၊ ဦးပိုင်ပေါက်ပြီး ရေနက်ကွင်းလယ်ယာမြေများကို မူလလယ်သမားများအား အခကြေးငွေဖြင့်ပြန်ချထားပြီး သက်ဆိုင်ရာကထုတ်ပေးသည့် စိုက်ပျိုးစရိတ်နှင့် ပံ့ပိုးပစ္စည်းတွေကို ထုတ်ယူကြပါကြောင်း၊ သို့ဖြစ်၍ ရေနက်ကွင်းစီမံကိန်းသည် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သည့် အခြေအနေမရှိပါကြောင်း၊ ယင်းလယ်ယာမြေများကို လယ်သမားများအား ပြန်လည်ချထားပေးသင့်ပြီး နစ်နာမှုရှိလျှင်လည်း နစ်နာသည့် အခကြေးငွေများ ပေးသင့်ပါကြောင်း။

ယင်းစီမံကိန်းတွင်ပါဝင်သည့် ကုမ္ပဏီများအနေဖြင့် ရည်ရွယ်ချက်အတိုင်း တကယ်မလုပ်နိုင်လျှင် တောင်သူလယ်သမားများအား ပြန်လည်ပေးအပ်ပြီး လုပ်မည်ဆိုပါကလည်း နစ်နာသည့်တောင်သူလယ်သမားများအား ခံစားခွင့်ပေးသင့်ပါကြောင်း၊ ပုဂ္ဂလိကလုပ်သည့် အင်းများနှင့်ပတ်သက်၍လည်း အင်းရသည့်သူများက အမြတ်တင်၍ တစ်ဆင့်ပြန်ရောင်းပါကြောင်း၊ အမှန်တကယ်လုပ်သည့်သူများ၏ လက်ထဲရောက်ချိန်တွင် အင်း၏တန်ဖိုး အဆမတန် မြင့်သွားပါကြောင်း၊ ထို့ပြင် လယ်က ရေလိုလျှင် အင်းက ရေမပေး၊ လယ်ကရေမလိုလျှင် အင်းကရေရ၊ အင်းနှင့်လယ်ရှင်းပေးရသည့် ပြဿနာများလည်း များစွာရှိပါကြောင်း။

၁၉၉၁ ခုနှစ်က ထုတ်သည့် ရေချိုအင်းနှင့်ပတ်သက်သည့် ဥပဒေတစ်ခုလည်း ရှိပါကြောင်း၊ ထိုဥပဒေအရ အင်းမှာရှိသည့်ရေ ရေကြီးလာသည့်အခါ ယင်း

ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေရောက်သည့်နေရာများအားလုံးသည် အင်းရေနှင့်ဆက်စပ်လျှင် အင်းသူကြီးကပိုင်သဖြင့် မိမိအိမ်အောက်ရောက်သည့် ရေနှင့်ငါးကိုပင် မိမိမပိုင်တော့ပါကြောင်း၊ ဤသည်ကို ဖောက်ဖျက်လျှင် အရေးယူခံရပါကြောင်း၊ သို့ဖြစ်၍ ၉၁ ခုနှစ်က ထုတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၁၊ နောက်ဆက်တွဲဇယား ၂ အရ ရေချိုငါးလုပ်ငန်း ဥပဒေကိုလည်း ပြင်သင့်ပါကြောင်း၊ အင်းနယ်နိမိတ်၊ အင်းလုပ်ချိန်တို့ကို တိတိကျကျ သတ်မှတ်သင့်ပြီး အင်းစည်းကမ်းကိုလည်း ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ဘုံလုပ်ကွက်များလည်း ဖန်တီးပေးသင့်ပါကြောင်း၊ တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး၊ တရားမျှတစွာဖြစ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ ပြည်သူ့လွှတ်တော်ကဖြစ်စေ တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ ပြည်သူ့လွှတ်တော်နှင့်တိုင်းဒေသကြီးလွှတ်တော်ပေါင်း၍ဖြစ်စေ အမျိုးသားလွှတ်တော်ကဖြစ်စေ မိမိလွှတ်တော်က ဖွဲ့စည်းထားသည့် လယ်သမားရေးရာကဖြစ်စေ တစ်နိုင်ငံလုံးပမာဏဖြင့် အမြန်ဆုံးစုံစမ်းလေ့လာတင်ပြပေးသင့်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကျော်ဇောသန်းတို့က ဆက်လက်၍ဆွေးနွေးရာတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော် မူလဧက (၂၀၀၀)ကျော်ကို ၁၉၉၇ ခုနှစ်ခန့်က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် တစ်ဧကလျှင် ကျပ်တစ်သောင်းသာပေးခဲ့ရပြီး စက်မှုဇုန်(၄) ဆောင်ရွက်မည့်ကျန်ဧက (၈၀၀)ကျော်ကို လယ်သမားများ နစ်နာမှုမရှိစေရန် ကုမ္ပဏီမှအကြိမ်ကြိမ် ညှိနှိုင်းပြီး လယ်သမားခေါင်းဆောင်၏ တောင်းဆိုချက်အရ ယင်းအချိန်ကာလပေါက်ဈေးဖြစ်သည့် တစ်ဧကကျပ်(၃)သိန်း နှုန်းပေးခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်သမားများက လယ်ယာမြေများကို စွန့်လွှတ်ခြင်း၊ ကုမ္ပဏီမှ လုပ်ငန်းသဘောအရ သီးစားရယူခြင်း၊ စက်မှုဇုန်(၄)အဖြစ် လမ်းခင်းခြင်း၊ ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မီးတိုင်များစိုက်ထူ၍ မီးလိုင်းဆွဲခြင်း အပါအဝင် Infrastructure များ (၈၀)ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီး၍ စက်ရုံများ ဆောက်လုပ်ရန် စက်မှုဇုန်မြေနေရာများအဖြစ် ရောင်းချပြီးစီးသည့် အချိန်ကျမှ တစ်စုံတစ်ဦး တစ်စုတစ်ဖွဲ့၏ သွေးထိုးမြှောက်ပင့်မှုကြောင့် ပြည်တွင်း/ပြည်ပ စာစောင်များမှတစ်ဆင့် ပြန်လည်တောင်းဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ စက်မှုမြေအဖြစ် ရောင်းချပြီးဖြစ်သောကြောင့် လယ်သမားများအား လယ်ယာများပြန်လည်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ယင်းစက်မှုဇုန်(၄)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အိုးအိမ်ဦးစီးဌာနတို့၏ အဆင့်ဆင့်ခွင့်ပြုချက်အား ယခင်ကာလကတည်းက ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သတင်းနှင့်မီဒီယာများမှတစ်ဆင့် လယ်သမားများအား သွေးထိုးမြှောက်ပင့်၍ အရေးဆိုနေကြသော ကုမ္ပဏီများ သိမ်းယူပြီး စက်မှုဇုန်များ၊ အိမ်ရာများ၊ စီမံချက်များဆောင်ရွက်နေသည်ဟု စွပ်စွဲချက်များသည်လည်း လွဲမှားသော စွပ်စွဲချက်များသာဖြစ်ပါကြောင်း။

အလားတူ မဖြစ်သင့်သည့်နှုန်းထားထက်ပို၍ တောင်းဆိုမှုများမှာလည်း လွဲမှားနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေနှင့် သင့်လျော်သည့်နှစ် မည်သည့်နှစ်ကစပြီး အကျုံးဝင်သည်ကို နှစ်အလိုက်သတ်မှတ်ပြီး မည်သည့်နှုန်းဖြင့် ပေးသင့်သည်ကို အဖွဲ့တစ်ဖွဲ့ဖွဲ့ပြီး အသေးစိတ်စုံစမ်းစစ်ဆေး ဖော်ထုတ်ပြီး နိုင်ငံတော်အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်သတ်မှတ်ပြီး ဖြေရှင်းပေးသင့်ပါကြောင်း။

ကုမ္ပဏီများအနေဖြင့်လည်း တောင်သူလယ်သမားများဘဝတိုးတက်မြင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် တိုးတက်သောစိုက်ပျိုးနည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် စဉ်ဆက်မပြတ် အလုပ်အကိုင်ရရှိပြီး လူနေမှုစနစ်မြင့်မားလာမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အလားတူ အစိုးရချမ်းသာလာမှ တိုင်းပြည်ချမ်းသာလာမည်ဖြစ်ပါကြောင်း၊ ၁၉၆၃ ခုနှစ်

လယ်ယာမြေဥပဒေ၏ အားနည်းချက်ကြောင့် ပြန်လည်ပေးလျော်ရမည့် ကရုဏာကြေးမှာ အလွန်နည်းသည့်အတွက် ဥပဒေအရ ပိုပေးခဲ့ရသည်များလည်း ရှိသလို လုံးဝမပေးခဲ့သည်လည်း ရှိပါကြောင်း၊ အချို့မှာလည်း အိမ်ကွက်များရိုက်ပြီး ပေးခဲ့သည်လည်း ရှိသည့်အတွက် ပြန်လည်သုံးသပ်၍ လယ်သမားများမနစ်နာအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်နှင့်တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီဖြစ်စေရန်၊ ဥပဒေအရကာကွယ်ပေးနိုင်ရန် လွှတ်တော်က ဥပဒေများ၊ နည်းဥပဒေများ ချမှတ်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင်ရပ်နားလိုက်ပြီး ပဥ္စမနေ့ အစည်းအဝေးကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ တွေ့ရှိသုံးသပ်ချက်အစီရင်ခံစာ အမှတ်စဉ် (၁/၂၀၁၂) တင်သွင်းခြင်းနှင့် လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန် အဆိုဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

❖ ပြည်သူ့လွှတ်တော်မှ

သာစည်မဲဆန္ဒနယ်မှဦးသန်းစိုး၏ **တောင်ပေါ်ဒေသကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်အောင်စီမံပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **ဆေးတက္ကသိုလ် ၄ ခုသို့ ကျောင်းသား/ကျောင်းသူ ဝင်ခွင့်ဦးရေကို သုံးသပ်ပြောင်းလဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ဖြေကြားရာတွင်-

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ သာစည်မြို့နယ်အတွင်း(၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ (၁)ရုံ၊ (၁၆) ခုတင်ဆံ့ ညောင်ရမ်းနှင့်ယင်းမာပင်တိုက်နယ်ဆေးရုံ(၂)ရုံ၊ စုစုပေါင်းဆေးရုံ (၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၈)ခု ဖွင့်လှစ်ထားရှိပြီး ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သာစည်မြို့နယ်အတွင်းရှိ ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသ ကျေးရွာများအတွက် ကျေးလက်ကျန်းမာရေးဌာန (သို့မဟုတ်) ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်လိုသည့် ကျေးရွာအမည်ကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများမှတစ်ဆင့် ထောက်ခံတင်ပြလာပါက အသစ်ထပ်မံဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များသို့ (၂၀၁၂-၂၀၁၃) ပညာသင်နှစ်မှစတင်၍ ကျောင်းသား/ ကျောင်းသူ အချိုးတူညီစွာဖြင့် ကျောင်းသား/ကျောင်းသူ(၁၂၀၀)ဦးအား ဝင်ခွင့်ပြုလက်ခံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့်မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်** အဆိုကို သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာ မေဝင်းမြင့်၊ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊ အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးနှင့် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းတို့က ဆွေးနွေးကြရာတွင် အဆင့်မီမြွေဆိပ်ဖြေဆေး ထုတ်ယူရရှိနိုင်သည့် စံချိန်မီမြင်းများ ပြန်လည်သွင်းယူ မွေးမြူထုတ်လုပ်ရေး၊ ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ရေးနှင့် စက်ကိရိယာများကို အသုံးချမည့် ပညာရှင်များအား ပြည်ပတွင် ခေတ်မီနည်းစနစ်များလေ့လာသင်ယူစေရေး၊ နိုင်ငံတော်၏

သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ဘတ်ဂျက်ကို တိုးသုံး၍ဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လှူဒါန်းနေကြသည့် အလှူရှင်နိုင်ငံများ၏ကူညီမှုရယူနိုင်အောင် စီစဉ်၍ဖြစ်စေ လုံလောက်သည့် မြွေဆိပ်ဖြေဆေး ရရှိအောင်ဆောင်ရွက်ရေး၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ တောင်သူလယ်သမားအဖွဲ့အစည်းများ စသည့်အင်အားစုများအနေဖြင့် အခြေခံကျေးလက်နေပြည်သူများထံအရောက် မြွေအန္တရာယ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ပျံ့နှံ့အောင် ကူညီပံ့ပိုးပေးရေးနှင့် မြွေကိုက်မခံရအောင် ကြိုတင်ကာကွယ်ရာတွင် အရေးကြီးဆုံးနှင့် လက်တွေ့အကျဆုံးဖြစ်သော အရည်အသွေးကောင်းသည့် ရော်ဘာ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

လက်အိတ်၊ ခြေအိတ် စသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးပြီး ဝတ်ဆင်အသုံးပြုသည့် အလေ့အကျင့်ရအောင် ပညာပေးရေး စသည့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားရာ၌ လက်ရှိအခြေအနေတွင် မြွေဟောက်အဆိပ်ဖြေဆေးကို လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်သော်လည်း မြွေပွေးအဆိပ်ဖြေဆေးအား တစ်နှစ်လျှင်(၂၀၀၀၀) Vials ကျော်သာ ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ လိုအပ်သော မြွေပွေးအဆိပ်ဖြေဆေးများကို ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူတင်သွင်းသုံးစွဲသော်လည်း ပြည်ပမှတင်သွင်းသည့် မြွေဆိပ်ဖြေဆေးများမှာ ဒေသမြွေများ၏အဆိပ်မှ ထုတ်လုပ်ခြင်း မဟုတ်သောကြောင့် အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်)မှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးများထက် အာနိသင်နည်းပါးကြောင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ အသိပေးမှုအရ သိရှိရပါကြောင်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)စက်ရုံပိုင် မှော်ဘီစခန်းတွင် Current Good Manufacturing Practices များနှင့်အညီ မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်ချက်ရှိနေသည့် မြွေဆိပ်ဖြေဆေးကို အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)မှ နှစ်အလိုက် တိုးမြှင့်ထုတ်လုပ်သွားရန် စီမံဆောင်ရွက်နေပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ဖွယ်ရာကိစ္စများကို ကြိုတင်ဆောင်ရွက်ရန်လွှတ်တော်က တိုက်တွန်းအတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **တိုင်းပြည်စီးပွားရေးတိုးတက်မှုကိုအကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့်ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်ကဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ မေးခွန်း(၃)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အက်ဖ်ဒီအေမှ စစ်ဆေးမှုများပြုလုပ်ပေးမည်

ရန်ကုန် ဇူလိုင် ၂၃

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဝင်ရောက်လာခဲ့သည့် အစားအသောက်များနှင့် ဆေးဝါးများအားစစ်ဆေးရန်အတွက် ကုန်သွယ်ရေးစခန်းများတွင် စစ်ဆေးရေးရုံးများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ)မှ သိရှိရသည်။ "အရင်က ရေကြောင်းနဲ့လေကြောင်းကနေ ဝင်ရောက်လာခဲ့တာတွေကို အဓိကထားပြီး စစ်ဆေးခဲ့ပါတယ်။ အခု ကုန်းတွင်းပိုင်းကနေ ဝင်ရောက်လာတဲ့ အစားအသောက်နဲ့ ကုန်စည်တွေအားလုံးကို ကျန်းမာရေးနှင့်ညီမညီ စစ်ဆေးပေးမှာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ကျန်းမာရေးနှင့်မညီညွတ်၊ သတ်မှတ်ချက်နဲ့မပြည့်မီတဲ့ ကုန်စည်တွေ ဈေးကွက်ထဲမှာ တွင်ကျယ်လာခဲ့တဲ့အတွက် အခုလိုစီစဉ်ရခြင်းဖြစ်ပါတယ်"ဟု အက်ဖ်ဒီအေမှ တာဝန်ရှိသူက ပြောပြသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းများဖြစ်ကြသော ထိုင်းနိုင်ငံ ***(အောက်ယာပုံ)****နှင့်တရုတ်နိုင်ငံနယ်စပ်တို့ရှိ ကုန်သွယ်ရေးစခန်းပေါင်း ၁၃ ခုတို့တွင် ယခုကဲ့သို့ ကုန်စည်အရည်အသွေးစစ်ဆေးသည့် ရုံးခန်းများဖွင့်လှစ်ကာ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာခဲ့သည့် ကုန်စည်များအား ကြပ်မတ်စစ်ဆေးပေးသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။*

"လောလောဆယ်တော့ တရုတ်ကုန်သွယ်ရေးစခန်းဖြစ်တဲ့ ၁၀၅ မိုင်နဲ့ မြဝတီမှာ ရုံးခွဲတွေ စပြီးဖွင့်ဖို့ရှိပါတယ်။ ကုန်စည်တွေရဲ့အရည်အသွေးနဲ့ ကျန်းမာရေးညီညွတ်မှုရှိမရှိ၊ သက်တမ်းလွန်ခြင်းရှိမရှိနဲ့ သက်ဆိုင်ရာတွေက ခွင့်ပြုချက်ရရှိထားတဲ့၊ စနစ်တကျ အရည်အသွေးပြည့်မီတဲ့ ကုန်စည်တွေဟုတ်မဟုတ်ဆိုတာတွေကို စစ်ဆေးပေးသွားမှာဖြစ်ပြီး နယ်စပ်ဂိတ်တွေမှာ ပထမဆုံးအနေနဲ့ စစ်ဆေးရေးဌာနတွေ ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု အက်ဖ်ဒီအေ တာဝန်ရှိသူက ပြောပြသည်။

"ပြည်တွင်းမှာ အစားအသောက်နဲ့ အလှကုန်တွေ၊ လူသုံးကုန်တွေ အများစုက နယ်စပ်ကနေ ဝင်လာတာတွေများပါတယ်။ အချို့ကုန်စည်တွေဆိုရင် သူတို့ဘာသာတွေနဲ့ရေးထားတဲ့အတွက် ရက်လွန်လားမလွန်လားဆိုတာမျိုး၊ ကုန်စည်ထဲက ကုန်ကြမ်းအမယ်တွေ ဘာဆိုတာကိုတောင် မသိပါဘူး။ ကုန်စည်ရဲ့ထုပ်ပိုးပါကင်မှာပါတဲ့ပုံတွေကို ကြည့်ပြီး ဘာဖြစ်မယ်ဆိုတာကို ကြည့်ကြရတာ။ အကောင်းဆုံးကတော့ နယ်စပ်ဂိတ်ကနေ ဝင်လာပြီဆိုကတည်းက သေသေချာချာ စိစစ်ဖို့လိုတာပါ။ အခုနောက်ပိုင်းမှာ နို့မှုန့်အတု၊ ရက်လွန်မုန့်မျိုးစုံနဲ့ သုံးစွဲဖို့မသင့်တဲ့ ရက်လွန်ဆေးဝါးတွေ၊ အရည်အသွေးမပြည့်မီတဲ့ အလှကုန်တွေအပြင် သုံးစွဲဖို့ မသင့်တော်တဲ့ စားသုံးဆီတွေဟာ ဈေးကွက်မှာ တစ်နေ့တစ်မျိုး တွေ့နေရတယ်။ သေသေချာချာစစ်ဆေးပေးဖို့တော့ အမှန်တကယ်လိုအပ်နေပါတယ်" ဟု ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ကုန်စည်သယ်ယူပို့ဆောင်လျက်ရှိသည့် မန္တလေးသား ကုန်သည်တစ်ဦးက ပြောကြားသည်။ ***(ခင်ရတနာ)***

◆ *အမျိုးသားလွှတ်တော်မှ*

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရရှိကြပြီးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့်စာနယ်ဇင်းသမားများ၊ မီဒီယာများ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းရှိန် မေးမြန်းချက်များကို ဖြေကြားစဉ်။
(သတင်းစဉ်)

အပါအဝင် ပြည်သူများအားလုံးသည် ဥပဒေနှင့်အညီ လွတ်လပ်စွာပြောဆို ရေးသားဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိကြပြီးဖြစ်ကြောင်း။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရာတွင် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာပေစာနယ်ဇင်းများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ကို ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်ပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာပေစာနယ်ဇင်းများတွင် ဖော်ထုတ်တင်ပြချက်များသည် ကျန်မဏ္ဍိုင်ကြီး(၃)ရပ်ကို မတိမ်းစောင်း မယိမ်းယိုင်ရအောင် စောင့်ကြည့်၊ ထောက်ပြထိန်းကျောင်းခြင်းမည်ကြောင်း၊ မီဒီယာများက ဖော်ထုတ်တင်ပြချက်များအပေါ် မိမိတို့ဝန်ကြီးဌာနအနေနှင့် ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်ပြီး အဖွဲ့ဝင်(၆)ဦးပါဝင်သည့် စောင့်ကြည့်လေ့လာစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထားကာ မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် ထိုက်သင့်သည့်ရှင်းလင်းပြန်ကြားတင်ပြမှုများ၊ ပြုပြင်ပြောင်းလဲအရေးယူ ဆောင်ရွက်မှုများကို ယခင်ကတည်းက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

၎င်းအဖွဲ့၏ လေ့လာစောင့်ကြည့်စိစစ်မှုအပြင် ဝန်ကြီးကိုယ်တိုင် ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ (EC) အစည်းအဝေးများတွင် နေ့စဉ်ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် တုံ့ပြန်ရှင်းလင်းပြန်ကြားရန် ကိစ္စရပ်များကို မူဝါဒများချမှတ်ပေးပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စေလျက်ရှိကြောင်း၊ တာဝန်ရှိသည့် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများအနေနှင့်လည်း အရေးယူဆောင်ရွက်ရန်ကိစ္စများတွေ့ရှိပါက လေ့လာစောင့်ကြည့် စိစစ်ရေးအဖွဲ့ကို အကြောင်းကြားပြီး ဆက်လက်ရှင်းလင်းပြန်ကြား ဆောင်ရွက်စေလျက်ရှိကြောင်း၊ ဝန်ကြီးနှင့်ဌာနအကြီးအကဲများအားလုံးက မိမိဌာန၊ မိမိလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် အထက်အဆင့်ဆင့်သို့ အကြံပြုတင်ပြခြင်းများ အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်ရှိ သတင်းစာများတွင်လည်း စာနယ်ဇင်းမီဒီယာများ၏ တင်ပြချက်၊ အကြံပြုချက်၊ ဝေဖန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအသီးသီးက ပြန်လည်သုံးသပ်စိစစ်ပြီး အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာ ယနေ့ထုတ်ဝေနေသည့် နိုင်ငံပိုင်သတင်းစာများတွင် အယ်ဒီတာ့ထံ ပေးစာများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနဆိုင်ရာအသီးသီးက အမြန်ဆုံးအရေးယူဆောင်ရွက်ပြီး ဆောင်ရွက်ပြီးစီးမှုကို ၎င်းအယ်ဒီတာ့ထံပေးစာကဏ္ဍမှ ပြန်လည်ဖြေရှင်းတင်ပြမှုမျိုးများ အလေ့အကျင့်ရှိပြီးဖြစ်ကြောင်း၊ အလားတူ ပြည်သူများ၏ အကြံပြုတင်ပြချက်များနှင့်ပတ်သက်ပြီး သတင်းစာများတွင် ပြည်သူ့အတွက် ပြန်ကြားချက် သဘောမျိုး ကဏ္ဍများဖွင့်လှစ်ပြီး အရေးယူဆောင်ရွက်ထားရှိမှုများကို ပြန်ကြားပေးလျက်ရှိသည်ကို တွေ့နိုင်ကြောင်း။

ဒီမိုကရေစီကျင့်စဉ်အရ စတုတ္ထမဏ္ဍိုင်၏ စောင့်ကြည့်၊ ထောက်ပြထိန်းကျောင်းမှုများအပေါ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်အသီးသီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေနှင့် မည်သူ၏ တိုက်တွန်းမှုမျှမပါဘဲ အလေးထား၊ အရေးယူ၊ လိုက်နာ၊ ပြုပြင်၊ ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဆိုင်ရာကဏ္ဍအလိုက် လေ့လာစောင့်ကြည့် စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျ အရေးယူဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ပိုမိုထိရောက် အောင်မြင်မည်ဖြစ်ကြောင်းကို အကြံပြုပြောကြားလိုကြောင်း။

စတုတ္ထမဏ္ဍိုင်စာနယ်ဇင်းအနေနှင့် ကျန်မဏ္ဍိုင်(၃)ရပ်ကို တည့်မတ်မှန်ကန်အောင် ထိန်းကျောင်းနိုင်စေရန်အတွက် ၎င်းတို့ကိုယ်တိုင်လည်း အရည်အသွေးရှိပြီး စစ်မှန်သည့်စတုတ္ထမဏ္ဍိုင်ဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်ရန် စာနယ်ဇင်းသမားများအနေဖြင့် ဘက်မလိုက်ရန်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြကြရာတွင် ပြည်သူများ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်အောင် ရှုထောင့်တစ်ခုတည်းကမရေးသားဘဲ ဘက်စုံထောင့်စုံက ရေးသားဖော်ပြရန်၊ ထိုသို့ ရေးသားကြရာတွင်လည်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ကို အမြဲယှဉ်တွဲ ကျင့်သုံးကြရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များ ကွဲပြားခွင့်ရှိသော်လည်း ထိုကဲ့သို့ မတူကွဲပြားသည့်ကြားကပင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် Unity in Democracy ကို ဦးတည်ဖော်ဆောင်ရန်၊ ထိုသို့ဖော်ဆောင်ကြရာတွင် အမျိုးသားအရေး၊ အမျိုးသား အကျိုးစီးပွားကို အခြေခံထားရပ်တည်ဖော်ဆောင်ကြရန်ဆိုသည့် စံ(၅)ချက်နှင့်အညီ ပြည့်စုံအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

စံ(၅)ချက်နှင့်အညီ ပြည့်စုံသည့် ရေးသားတင်ပြဆောင်ရွက်မှုမှန်သမျှအပေါ် မိမိတို့အနေနှင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မည်သူ့တိုက်တွန်းမှုမျှ မလိုအပ်ဘဲ ပြန်လည်သုံးသပ်စိစစ်ကာ ပြုပြင်ပြောင်းလဲ အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း၏ **“လားရှိုးမြို့၌ အခြေချနေထိုင်လျက်ရှိသော နမ္မတူဘော်တွင်းမှ အငြိမ်းစားဝန်ထမ်းများအား လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင်လစာများ ပုံမှန်ထုတ်ယူနိုင်ခွင့် ရှိ/မရှိနှင့် တပ်မတော်သားများကဲ့သို့ပင် တိုင်းပြည်တာဝန်ကို သက်စွန့်ဆံဖျားထမ်းဆောင်ကြရသူများဖြစ်သဖြင့် တပ်မတော်သားများကို တွက်ချက်ပေးသော ပင်စင်ပုံသေနည်းအတိုင်း တွက်ချက်ခံစားပေးနိုင်ခွင့် ရှိ/မရှိ သိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများအား တလုံးတစည်းတည်းသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး လုပ်ငန်းအဖွဲ့အစည်း ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများအား သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများ၏ အသုံးစရိတ် ရန်ပုံငွေမှကျခံသုံးစွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့်ကာကွယ်ရေးအငြိမ်းစားများအတွက် အငြိမ်းစားလစာများအား နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်း၊ ပင်စင်နှင့်ဆုငွေ အသုံးစရိတ်ရန်ပုံငွေမှ ကျခံထုတ်ပေးခြင်းဖြစ်သည့်အတွက် ပင်စင်ဦးစီးဌာနမှ တာဝန်ခံ၍ မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ပြီး ပင်စင်စားများအတွက် ငွေထုတ်ခွင့်အမိန့်လွှာများ မြန်မာ့စီးပွားရေးဘဏ်များသို့ ထုတ်ပေးပါကြောင်း။

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ အငြိမ်းစားများအတွက် ပင်စင်လစာကိုမူ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများ၏ အသုံးစရိတ်ရန်ပုံငွေစာရင်းမှ ကျခံထုတ်ပေးခြင်းဖြစ်၍ လုပ်ငန်းအဖွဲ့အစည်း ပင်စင်စားများကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းရုံးချုပ်ကသော်လည်းကောင်း၊ လုပ်ငန်းခွဲများကသော်လည်းကောင်း၊ ပင်စင်စားများတောင်းခံလာသည့်အတိုင်း လအလိုက်ဖြစ်စေ၊ တစ်နှစ်ထက်မကျော်ဘဲဖြစ်စေ၊ ပင်စင်စား မှန် /မမှန်၊ သက်ရှိထင်ရှားရှိ/မရှိကို ထိုလုပ်ငန်းတာဝန်ခံမှစိစစ်၍ ပင်စင်လစာထုတ်ပေးသည့်နည်းဖြင့် ထုတ်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသည် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းပင်စင်(လုပ်ငန်း)တွင် ပါဝင်သဖြင့် လုပ်ငန်းဌာနများမှ အငြိမ်းစားများအား မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးခြင်းမရှိသည့်အတွက် နမ္မတူဘော်တွင်းမှ လားရှိုးမြို့၌ အခြေချနေထိုင်လျက်ရှိသော သတ္တုတွင်းအငြိမ်းစားများအနေဖြင့် လားရှိုးမြို့မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ယူနိုင်ခြင်း မရှိပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါမေးခွန်းသည် သတ္တုတွင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်းဖြစ်ပြီး ယင်းဝန်ကြီးဌာနကဖြေကြားမှ ပိုမိုရှင်းလင်းထိရောက်သော အဖြေရရှိမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ သတ္တုတွင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန် ဆုံးဖြတ်သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **“လက်ပံတန်းမြို့နယ်အနောက်ခြမ်းဒေသလယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ အမြန်ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **“မွန်ပြည်နယ်တွင် ရော်ဘာပျိုးခင်းတည်ထောင်သူများ အများအပြားရှိလာပြီးဖြစ်၍ ရော်ဘာစိုက်ပျိုးသော တောင်သူများ မျိုးစစ်မျိုးမှန်ရရှိရေးအတွက် ရော်ဘာပျိုးခင်းတည်ထောင်သူများကို စိစစ်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **“မြေယာအငြင်းပွားမှုများအတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီဖွဲ့စည်း၍ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် အကြောင်းအမျိုးမျိုးကြောင့် သိမ်းယူထားသော မြေယာများအတွက် လျော်ကြေးပေးရေး ဥပဒေပြဋ္ဌာန်းရန် အစီအစဉ် ရှိ/ မရှိ”** မေးခွန်းတို့နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားရာတွင်-

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ လက်ပံတန်းမြို့နယ် အနောက်ခြမ်းဒေသရှိ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်း (၁၈)ခုအနက် သဘာဝရေနုတ်မြောင်းနှင့် ရိုးချောင်း (၁၆)ခု၊ ရေတံခါးတစ်ခုတို့မှာ လုပ်ငန်းသဘာဝအရ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ အမှတ်စဉ်(၁၇)အရ ပေ(၃၀) တံတား (၁)စင်းတည်ဆောက်ပေးရမည့်လုပ်ငန်းမှာ စည်ပင်သာယာရေးဦးစီးဌာနမှ ဆောင်ရွက်ရမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် ရေနုတ်မြောင်းနှင့် ရိုး (၁၆)ခု တူးဖော်ခြင်းလုပ်ငန်းမှာ စုစုပေါင်းအလျား (၄၄)မိုင်ခန့်ရှိပြီး မြေကြီးကျင်း (၂)သိန်းကျော်ခန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ရန်ပုံငွေခွင့်ပြုချက်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်အဆိုပြုတင်ပြ၍ အတည်ပြုချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ တိုးတက်စိုက်ပျိုးလာသော ရော်ဘာဧကများအပေါ် ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နှစ်ရှည်ပင် ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် နှစ်ရှည်ပင်အသုံးချသုတေသနဌာန(ဖားအောက်)နှင့် ဌာနပိုင်ရော်ဘာ သုတေသနနှင့် မျိုးပွားခြံ(၆)ခြံ တည်ထောင်စိုက်ပျိုးကာ မျိုးကောင်းမျိုးသန့် ရော်ဘာကိုင်းပွားခင်းများ တည်ထောင်ခြင်း၊ ရော်ဘာပျိုးခင်းများ တည်ထောင်ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းနှင့် ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်း၊ အစေးလှီးခြင်းသင်တန်း၊ အဆင့်မြင့်ရော်ဘာထုတ်လုပ်မှုဆိုင်ရာ သင်တန်းများအား နှစ်စဉ်ပို့ချပေးလျက်ရှိရာ ပျိုးခင်းတည်ထောင်သူများနှင့် ရော်ဘာစိုက်ပျိုးသည့်တောင်သူများတက်ရောက်၍ လေ့လာသင်ယူလျက်ရှိပါကြောင်း၊ ရော်ဘာသုတေသနနှင့်မျိုးပွားခြံများမှ ပျိုးခင်း၊ ကိုင်းပွားခင်း (၁၈၆)ဧကတည်ထောင်ထားရှိပြီး ဒေသနှင့်ကိုက်ညီ၍ ရောဂါကင်းစင်သည့် မျိုးကောင်းမျိုးသန့်ပျိုးပင် (၁၅၀၀၀၀)ခန့်ကို နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်ဆိုင်သည့် ပညာပေးလုပ်ငန်းများအပြင် ရော်ဘာစိုက်ပျိုးမှုအများဆုံးဖြစ်သည့် မွန်ပြည်နယ်တွင် စိုက်ပျိုးသောမျိုးများ မှန်ကန်မှုရှိစေရေးအတွက် အခြေခံရော်ဘာမျိုးခွဲခြားခြင်းသင်တန်းများကို နှစ်ရှည်ပင်ပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲအောက်ရှိ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် နှစ်ရှည်ပင်အသုံးချသုတေသနဌာန(ဖားအောက်)တွင် တစ်နှစ်လျှင်တစ်ကြိမ်မှ နှစ်ကြိမ်အထိ ရော်ဘာပျိုးထောင်စိုက်ပျိုးရန် စိတ်ဝင်စားသူပုဂ္ဂလိကများကိုပါ ဖိတ်ခေါ်၍ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး သင်ကြားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ရော်ဘာမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပွားများရေးကိုဦးတည်၍ ပျိုးခင်းတည်ထောင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စိစစ်ထုတ်ပေးနိုင်ရေးအတွက် နှစ်ရှည်ပင်ပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ ပျိုးခင်းတည်ထောင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ခေတ်နှင့်လျော်ညီစွာပြုပြင်ရေးဆွဲပြီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်ကာ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ စိစစ်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာဖြင့် လွှတ်တော်အဆင့်ဆင့်တွင် ဆွေးနွေးအတည်ပြုခဲ့ပြီး ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သည့် **“လယ်ယာမြေဥပဒေ”**နှင့် **“မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ”** တို့ကို နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်စွဲဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေ၊ အခန်း(၈) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်း၊ ပုဒ်မ ၂၂ တွင် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရန်နှင့် ပုဒ်မ ၂၃၊၂၄ နှင့် ၂၅ တို့တွင် အယူခံအဆင့်ဆင့်က စစ်ဆေးဆုံးဖြတ်ရန် ပြဋ္ဌာန်းထားရှိပါကြောင်း။

ထို့ပြင် လယ်ယာမြေဥပဒေ၊ အခန်း(၉) နစ်နာကြေးနှင့်လျော်ကြေးများ၊ ပုဒ်မ ၂၆ တွင် “နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့် ကိစ္စရပ်များအတွက် နစ်နာမှုလုံးဝမရှိစေရန် လျော်ကြေးပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်” ဟု ဖြည့်စွက်ပြဋ္ဌာန်းထားရှိပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ အခန်း(၂)၊ ပုဒ်မ ၃ အရလည်း နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရန်ပြဋ္ဌာန်းထားရှိပါကြောင်း။

အဆိုပါ ဥပဒေ၊ ပုဒ်မ ၁၉ နှင့် ၂၀ တို့အရ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေတို့အရ လက်တွေ့အကောင်အထည်ဖော် လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး (လယ်ယာ)ဦးဆောင်သော အဖွဲ့ဝင် (၁၆)ဦး ပါဝင်သည့် နည်းဥပဒေများ(မူကြမ်း)ရေးဆွဲရေး လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂-၅-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၁၂(၁)/၈/သမ္မတရုံးဖြင့် ဖွဲ့စည်းပေးထားခဲ့ပါကြောင်း။

ထို့ပြင် မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းထားရှိဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၌ မြေယာခွဲဝေအသုံးချမှု မူဝါဒများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင် (၂၁)ဦးပါဝင်သည့် **“မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ”** ကို နိုင်ငံတော်သမ္မတရုံး၏ ၁၈-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးထားပါကြောင်း။

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီသည် မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် တည်ဆဲ မြေနှင့်အခွန်ဥပဒေ၊ နည်းဥပဒေများ၊ မြေသိမ်းအက်ဥပဒေနှင့် နည်းဥပဒေများ၊ အခွန်ကောက်ခံရေးဥပဒေ အစရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်ပြီး ခေတ်နှင့်အညီ အသုံးချဆောင်ရွက်နိုင်မည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲတင်ပြရန် တာဝန်ပေးအပ်ထားရှိပြီးဖြစ်၍ စတင်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်ကို သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စွာဖြင့် အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ထားရှိပြီးဖြစ်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေတို့နှင့် နည်းဥပဒေများနှင့်အညီ သက်ဆိုင်သည့်အဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့က အောက်ခြေမြေပြင် ပကတိအခြေအနေမှန်အတိုင်း စိစစ်စစ်ဆေး ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က **၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၆-၇-၂၀၁၂ ရက်ထက် နောက်မကျဘဲ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၃၀ တွင်ရပ်နားလိုက်ပြီး (၁၃)ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း (၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ် စက္ကန့် ၃၀ အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၂၁၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မိုးညှင်းမြို့၏ မြောက်ဘက်မိုင် ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဘီလီယက်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်၊ ကြက်တောင်၊ ကျွမ်းဘား၊ စားပွဲတင်တင်းနစ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ အလေးမ၊ ဝူရှူး၊ သေနတ်ပစ်နှင့် ပြေးခုန်ပစ်အားကစားအဖွဲ့များ၏ အားကစားနည်းအလိုက် ကြိုတင်လေ့ကျင့်ပြင်ဆင်နေမှုများကို လည်းကောင်း၊ GYM & Fitness Center ၌ ကိုယ်ကာယကြံ့ခိုင်မှုအတွက် လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများကျင်းပမည့် ဇမ္ဗူသီရိဘောလုံးကွင်းသို့ရောက်ရှိကြပြီး အားကစားကွင်း တည်ဆောက်ပြီးစီးမှုအားပေးစကားပြောကြားကာ BMX, Cross Country နှင့် Down Hill ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် Mount Pleasant Hotel ဧည့်ခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးကြိုတင်ပြင်ဆင်မှု ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပပြီး မကြာမီဆက်လက်ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို လက်ခံကျင်းပရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားခိုင်မှုအပေါ် မူတည်ပြီး အဖွဲ့ချုပ်နှင့် အားကစားသမားများ၏ သမိုင်းမှတ်တမ်းတင်ကြရမည်ဖြစ်ကြောင်း၊ လှပသောသမိုင်းမှတ်တိုင် ဖြစ်စေချင်သည်မှာလည်း နိုင်ငံတော်၏ စေတနာပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကူညီနိုင်သည့်အပိုင်းကို အတတ်နိုင်ဆုံးကူညီသွားမည်ဖြစ်ပြီး အဖွဲ့ချုပ်များကလည်း မိမိဘက်က ဖြစ်နိုင်သည်များကို အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှုအပိုင်း၌ ရုပ်ပိုင်းဆိုင်ရာအပိုင်းသာမကဘဲ စိတ်ဓာတ်ပိုင်းဆိုင်ရာဟူ၍ အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်မှုနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုလိုအပ်သကဲ့သို့ ရုပ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုလည်း လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုအပိုင်း အနေဖြင့်လည်း ပြည်တွင်း၌ အပြင်းအထန်လေ့ကျင့်မှု အပြင် ပြည်ပအတွေ့အကြုံလည်း မလွဲမသွေလိုအပ်မည်ဖြစ်ကြောင်း။

ပထမဆုမျှော်မှန်း

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် စုစုပေါင်း ၁၆ ခုရရှိခဲ့ကြောင်း၊ အဆင့်(၈)မှ အဆင့်(၇)အထိ တက်ခဲ့ကြောင်း၊ ၁၉၆၁ ခုနှစ်တုန်းက ရွှေ ၃၅၊ ၁၉၆၉ ခုနှစ်တုန်းက ရွှေ ၅၇ ခုနှင့်စာလျှင် လိုပါသေးကြောင်း၊ ယခုလာမည့်ပြိုင်ပွဲမှာ အိမ်ရှင်နိုင်ငံဖြစ်၍ ပထမဆုမျှော်မှန်းရမှာဖြစ်ပြီး မရခဲ့သည့်တိုင် အဆင့်(၁)မှ အဆင့်(၃)အတွင်း ရရန်လိုကြောင်း၊ သို့မှသာ သမိုင်းမှတ်တမ်းလှမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့်လ၌ ဘောလုံးအနေဖြင့် U-22 ပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်မြင်သည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် လှေလှော်၊ မြားပစ်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ဝူရှူး စသည့် အားကစားနည်းများအတွက်လည်း နိုင်ငံတော်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်သည်ဟု ထပ်လောင်းပြောကြားလိုကြောင်း၊ အားကစားပြိုင်ပွဲ၌ မည်သည့်ပြိုင်ပွဲမဆို စိတ်ဓာတ်အလှုပ်ရှားဆုံးအချိန် သို့မဟုတ် စိတ်ဓာတ်အတက်ကြွဆုံးအချိန်သည် ပြိုင်ပွဲအပြီးအလံတင်သည့်အချိန်ဖြစ်သည်ဟု ဆိုကြကြောင်း၊ မိမိ၏နိုင်ငံတော်အလံ ထိပ်ဆုံး၌ လွှင့်တင်သည့်အချိန်ကို မည်သည့်အရာနှင့်မှမလဲနိုင်ဘူးဟု ဆိုပါကြောင်း၊ စိတ်မထိန်းနိုင်လျှင် ဝမ်းသာသည့်မျက်ရည်၊ ဝမ်းနည်းသည့်မျက်ရည်ကျရမည့်အချိန်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ နိုင်ငံတော်အလံ ထိပ်ဆုံးရောက်ရှိနိုင်အောင် တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းလုပ်ဆောင်သွားကြပါရန် တိုက်တွန်းလိုကြောင်း၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဝိုင်းဝန်းပံ့ပိုးကြရမည်ဖြစ်ပြီး စီမံချက်သီးခြားတင်ပြလုပ်ဆောင်သွားရန် လိုကြောင်း၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မြန်မာအားကစားအဖွဲ့အောင်နိုင်ရေးအတွက် အားကစားအဖွဲ့ချုပ်များအပါအဝင် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)၌ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥတ္တရသီရိမြို့နယ် Mount Pleasant Hotel အနီးရှိ နေပြည်တော် စက်ဘီးအားကစားလေ့ကျင့်ရေးကွင်း၌ စက်ဘီးအားကစားသမားများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမြင့်ဟန်တို့ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲပေါင်း(၂၀) ခွင့်ပြုထား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော နိုင်ငံခြားဘဏ်များရှိ

ရန်ကုန် ဇူလိုင် ၂၃

ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြားဘဏ်များအကြား ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရေး အကြံပြုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာ၌ ငွေရေးကြေးရေးကဏ္ဍ တည်တည်ငြိမ်ငြိမ်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ်များနှင့် ပတ်သက်၍ ငွေရေးကြေးရေးအခက်အခဲ၊ အကျပ်အတည်းဖြစ်ပေါ်ခဲ့ကြောင်း၊ နည်းလမ်းပေါင်းစုံအသုံးပြု၍ အခက်အခဲကို ဖြေရှင်းခဲ့ရကြောင်း၊ ယခုအချိန်တွင် ပုဂ္ဂလိကဘဏ်အသစ်လေးဘဏ်ကိုလည်း ထပ်မံတိုးချဲ့လုပ်ကိုင်ခွင့် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဘဏ်ကိစ္စနှင့်ငွေရေးကြေးရေးကိစ္စများတွင် International Standard မီစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်များ ရှိကြောင်း၊ မဖြစ်မနေတည်ဆဲဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းနှင့် Human Resource Development အတွက် Capacity Building တည်ဆောက်ရခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်၍ ပုဂ္ဂလိကဘဏ်များသို့ Money Changer Licence, Authorized Dealer Licence, နိုင်ငံခြားငွေရောင်းဝယ်ခွင့်၊ နိုင်ငံခြားငွေစာရင်းများဖွင့်လှစ်ခွင့်၊ နိုင်ငံခြား ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့် စသည့်လိုင်စင်များ ထုတ်ပေးပြီးပုဂ္ဂလိကဘဏ်များမှ လိုအပ်သော SWIFT စနစ်တပ်ဆင်ခြင်းနှင့် အဆက်အသွယ်ဘဏ်များ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အချို့ဘဏ်များတွင် လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီ ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှု(၃)ရပ်ကို တစ်ပြိုင်နက်ဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ မူဝါဒ(၄)ရပ်ချမှတ်ပေးထားကြောင်း၊ ယင်းတို့မှာ နိုင်ငံသားများအကျိုးစီးပွားကို မထိခိုက်စေရေး၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုမထိခိုက်စေရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာကို မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေးတို့ဖြစ်ကြောင်း။

ယခုအချိန်အထိ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲပေါင်း (၂၀)အား ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ မိမိတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော နိုင်ငံခြားဘဏ်များနှင့် အဖွဲ့အစည်းများလည်းရှိကြောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုနိုင်ရန်အတွက် လိုအပ်သောဥပဒေများ အသစ်ပြဋ္ဌာန်းနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဓိကကျသော Exchange Rate Unification လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ယခုအခါ Managed Floating Exchange Rate Regime အား ကျင့်သုံးပြီး Reference Foreign Exchange Rate ကို နေ့စဉ်ဗဟိုဘဏ်မှ သတ်မှတ်၍ နိုင်ငံခြားငွေဈေးကွက်တည်ငြိမ်ရေးအားလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြားဘဏ်များအကြား ဖက်စပ်ဘဏ်တည်ထောင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြုစုထားသည့် ညွှန်ကြားချက်(မူကြမ်း)ကို အကြံပေးအဖွဲ့ဝင်များအနေဖြင့် သင့်လျော်သော အကြံပြုချက်များပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အကြံပေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြရာ အကြံပြုချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ဖွင့်လှစ်ပို့ချနေသော ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း (ရန်ကုန်) အမှတ်စဉ် (၅)နှင့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (ရန်ကုန်) အမှတ်စဉ်(၂၀)မှ သင်တန်းသားသင်တန်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

...င်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ...ကြက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် (သတင်းစဉ်)

...း ရုံးထိုင်ကြားနာ

...ကျ် ဇူလိုင် ၂၃

...စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရား ...ဦးမြင့်ဟန်တို့ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် ...ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ...ရရှိသည်။ **(သတင်းစဉ်)**

...ရုံးခွဲပေါင်း(၂၀) ခွင့်ပြုထား ...တ်ဝင်စားသော နိုင်ငံခြားဘဏ်များရှိ

...စ္စများတွင် Inter- ...d မီစေရန် ကြိုးပမ်း ...ဉ်များ ရှိကြောင်း၊ ...ပဒေများကို ခေတ် ...ည်ပြင်ဆင်ခြင်းနှင့် ...e Development ... Building တည် ... ပြုလုပ်ရမည်ဖြစ် ...၏၊ အပြည်ပြည် ...ငွေအဖွဲ့၊ အာရှ ...သည့် အဖွဲ့အစည်း ...းဆောင်ရွက်မှုများ ...လိကဘဏ်များသို့ ...r Licence, Au- ...Licence, နိုင်ငံခြား

...ထွန်း မြန်မာနိုင်ငံ ...လုပ်ငန်း ဒီပလိုမာ ...သင်တန်း (ရန်ကုန်) ...မများအား တွေ့ဆုံ (သတင်းစဉ်)

...နိုင်ငံခြားငွေစာရင်း ...ခြား ဘဏ်လုပ်ငန်း ...စသည့်လိုင်စင်များ ...ဘဏ်များမှ လိုအပ် ...နစ်တပ်ဆင်ခြင်းနှင့် ...ဏ်များ တည်ထောင် ...က်ခဲ့ပြီး အချို့ဘဏ် ...း စတင်လုပ်ကိုင်နေ ...နေဖြင့် ပြုပြင်

ပြောင်းလဲမှု(၃)ရပ်ကို တစ်ပြိုင်နက် ဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ မူဝါဒ(၄)ရပ်ချမှတ်ပေးထားကြောင်း၊ ယင်းတို့မှာ နိုင်ငံသားများအကျိုးစီးပွားကို မထိခိုက်စေရေး၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုမထိခိုက်စေရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာကို မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေးတို့ဖြစ်ကြောင်း။

ယခုအချိန်အထိ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲပေါင်း (၂၀)အား ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ မိမိတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော နိုင်ငံခြားဘဏ်များနှင့် အဖွဲ့အစည်းများလည်းရှိကြောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုနိုင်ရန်အတွက် လိုအပ်သောဥပဒေများ အသစ်ပြဋ္ဌာန်းနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဓိကကျသော Exchange Rate Unification လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ယခုအခါ Managed Floating Exchange Rate Regime အား ကျင့်သုံးပြီး Reference Foreign Exchange Rate ကို နေ့စဉ်ဗဟိုဘဏ်မှ သတ်မှတ်၍ နိုင်ငံခြားငွေဈေးကွက် တည်ငြိမ်ရေးအားလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြားဘဏ်များအကြား ဖက်စပ်ဘဏ်တည်ထောင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြုစုထားသည့် ညွှန်ကြားချက်(မူကြမ်း)ကို အကြံပေးအဖွဲ့ဝင်များအနေဖြင့် သင့်လျော်သော အကြံပြုချက်များပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အကြံပေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြရာ အကြံပြုချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက အကြံပေးအဖွဲ့ဝင်များအနေဖြင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ပညာရှင်များပါရှိသကဲ့သို့ စီးပွားရေးနယ်ပယ်တွင် လေ့လာအားကောင်းသူ ပညာရှင်များလည်း ပါဝင်ဖွဲ့စည်းထားခြင်းကြောင့် မိမိအနေဖြင့် ဆွေးနွေးချက်များအပေါ် အလွန်ကျေနပ်အားရမိကြောင်း၊ နိုင်ငံခြားဘဏ်များကို ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသင့်သည့် ပုံစံများနှင့်ပတ်သက်၍ အမှားအယွင်းအနည်းဆုံးနှင့် တိုင်းပြည်အတွက်အကျိုးရှိရေး၊ မျှတသောWIN WIN ပေါ်လစီဖြစ်ရေးတို့အတွက် နိုင်ငံတကာအတွေ့အကြုံများနှင့်ပါပေါင်းစပ်ပြီး ပညာရှင်များက ဝိုင်းဝန်းသုံးသပ် အကြံပြုပေးကြရန် ပြောကြားသည်။

အစည်းအဝေးအပြီး ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဖွင့်လှစ်ပို့ချနေသော ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း (ရန်ကုန်) အမှတ်စဉ်(၅)နှင့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(ရန်ကုန်) အမှတ်စဉ်(၂၀)မှ သင်တန်းသား သင်တန်းသူများနှင့် ဆရာဆရာမ များအားတွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အစားအဆိပ်သင့်ရောဂါ ကြိုတင်ကာကွယ်ပါ

ဒေါက်တာစိုးလွင်ငြိမ်း
ညွှန်ကြားရေးမှူး (ကူးစက်)

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိပါတယ်၊ အဲဒီလိုတည်ဆောက်ရာမှာ ပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အဓိကအရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်သော လူစွမ်းအားအရင်းအမြစ်များကို ရရှိပြီး လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကူးစက်ရောဂါဖြစ်ပွားမှုတွေက အဓိကအဟန့်အတားအနေနဲ့ ရှိနေပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေရတဲ့ ကူးစက်ရောဂါတွေကတော့ ကူးစက်မြန်ရောဂါတွေဖြစ်တဲ့ ဆားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနဲ့ ကပ်အသွင်ဖြစ်ပွားတတ်တဲ့ ကာလဝမ်းရောဂါ၊ ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါ၊ ပလိပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများအပြင် ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေဖြစ်တဲ့ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နှင့် ကြက်ညှာချောင်းဆိုးရောဂါ၊ မွေးကင်းစမေးခိုင်ရောဂါ၊ ဝက်သက်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ) ရောဂါတွေဟာလည်း ရင်သွေးငယ်တွေရဲ့ ကျန်းမာရေးကို ထိခိုက်စေလျက်ရှိပါတယ်။ ငှက်ဖျား၊ တီဘီနဲ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါဟာလည်း အသက်အန္တရာယ်မရွေးဖြစ်နိုင်တဲ့ ကူးစက်ရောဂါဖြစ်ပြီး အထူးသဖြင့် လူငယ်လူရွယ်၊ လူလတ်ပိုင်းတွေမှာ အဖြစ်များတဲ့အတွက် အသက်ဆုံးရှုံးမှုအပြင် ကုန်ထုတ်စွမ်းအားတွေ ကျဆင်းစေပါတယ်။ စီးပွားရေး၊ လူမှုရေး ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေတဲ့အတွက် အမျိုးသားရေးအသွင်နဲ့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

ကူးစက်ရောဂါများအနက် ဝမ်းပျက်ဝမ်းလျှောရောဂါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်အနေနဲ့ ရှိနေပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာအတွေ့အကြုံများကို တင်ပြရမယ်ဆိုရင် ဇင်ဘာဘွေနိုင်ငံမှာ ၂၀၀၈ ခုနှစ် ဩဂုတ်လနဲ့ ၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သူ လူတစ်သိန်းရှိပြီး လူ ၄၂၈၇ ဦး သေဆုံးခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ်မှာ ကာလဝမ်းရောဂါ ကပ်အသွင်ဖြစ်ပွားမှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံမှာ ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၈၁၇၃ ဦးရှိခဲ့ပြီး သေဆုံးသူ ၁၅၅၅ ဦးရှိခဲ့ပါတယ်။ ဟေတီနိုင်ငံ မြို့တော်ပေါ်တိုပရင့်စ်မြောက်ပိုင်း မိုင် ၆၀ ခန့်အကွာရှိ စိန့်မက်မြို့မှာလည်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့ပြီး လူပေါင်းနှစ်သိန်းကျော် ရောဂါကူးစက်ခံရပြီး လူ ၁၄၁၅ ဦး သေဆုံးခဲ့ပါတယ်။

အထက်ပါဖြစ်စဉ်တွေကို လေ့လာကြည့်ရင် ကာလဝမ်းရောဂါ ကပ်အသွင်ဖြစ်ပွားရတဲ့ အကြောင်းရင်းများမှာ **အစားအစာနဲ့ သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း၊ သောက်သုံးရေလုံလောက်မှုမရှိခြင်း၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု အားနည်းခြင်း၊ စနစ်တကျ လက်ဆေးတဲ့အကျင့်မရှိခြင်း စတဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း**တို့ဟာ အဓိကအကြောင်းရင်းများဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဝမ်းပျက်ဝမ်းလျှောရောဂါဟာ မိုးရာသီကာလများတွင် ပိုမိုဖြစ်ပွားတတ်ပြီး ကျား/မ အသက်အရွယ်မရွေး ဖြစ်ပွားခံစားရတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ခန္ဓာကိုယ်အရည်ခန်းခြောက်ခြင်း၊ အာဟာရချို့တဲ့ခြင်းများဖြစ်ပွားစေပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။ အထူးသဖြင့် ကလေးငယ်များဟာ အရည်ခန်းခြောက်မှုဒဏ်ကို ခံနိုင်မှုအားနည်းတဲ့အတွက် သေဆုံးမှု ပိုမိုများပြားပါတယ်။

သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည်အထိ ရောဂါလက္ခဏာခံစားရမှု တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားပါတယ်။ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဟာ များသောအားဖြင့် ကာလဝမ်းရောဂါပိုးကြောင့် ဖြစ်ပွားတတ်ပြီး မြန်မာနိုင်ငံသို့ ၁၉၆၁ ခုနှစ်မှာ ကာလဝမ်းရောဂါပိုး အိုဝမ်းအမျိုးအစား စတင်ဝင်ရောက်ကူးစက်ခဲ့ပြီး တစ်နိုင်ငံလုံး ပျံ့နှံ့ဖြစ်ပွားခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ဝမ်းရောဂါပိုး အို-၁၃၉ ပိုး အသစ်တစ်မျိုး ထပ်မံဝင်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက် ဝမ်းရောဂါပိုးတွေဟာ ခြေကုပ်ရရှိပြီး မြန်မာနိုင်ငံအနှံ့ ကူးစက်ပြန့်ပွားခဲ့ပါတယ်။

စာရေးသူရဲ့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး အတွေ့အကြုံများအရ မြန်မာနိုင်ငံမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားရတဲ့ အကြောင်းရင်းအမျိုးမျိုးရှိတာကို တွေ့ရပါတယ်။

အများအားဖြင့် ယာယီအလုပ်စခန်းတွေ၊ ယာယီရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူတွေနဲ့ အချို့မြို့ရွာ ကျေးလက်ဒေသတွေမှာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု မရှိဘဲဖြစ်သလို မြေပြင်မှာပဲ တိုက်ရိုက်မစင်စွန့်ကြတာကို တွေ့ရပါတယ်။ မိုးဦးကျနဲ့ မိုးပြတ်တောင်းပြတ်တောင်းရွာတဲ့ အချိန်မှာတော့ ဖြစ်သလိုစွန့်ပစ်ထားတဲ့ မစင် အညစ်အကြေးတွေဟာ ရွာချလာတဲ့ မိုးရေတွေနဲ့အတူ သောက်သုံးရေအရင်းအမြစ်တွေဖြစ်တဲ့ ရေတွင်း၊ ရေကန်၊ မြစ်ချောင်းများထဲစီးဝင်ပြီး အဲဒီရေကို သောက်သုံးမိသူတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ အစုလိုက်ဖြစ်ပွားတတ်တာကြောင့် အိမ်တိုင်းမှာ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲဖို့ လိုအပ်ပါတယ်။

ခြောက်သွေ့တဲ့ နွေရာသီကျတော့လည်း ရေခန်းခြောက်မှုတွေကြောင့် သောက်သုံးရေရှားပါးမှုတွေဖြစ်ပြီး ရေလာခပ်သူအများအပြား ခပ်ယူကြရာက ဝမ်းပျက်ဝမ်းလျှောရောဂါပိုးရှိတဲ့သူတွေ သုံးတဲ့ရေပုံး၊ ရေခွက်နဲ့ အဝတ်အစားတွေနဲ့ မသန့်ရှင်းတဲ့လက်တွေကတစ်ဆင့် သောက်သုံးရေမသန့်ရှင်းမှုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားတာတွေလည်း ရှိပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်နေတဲ့အိမ်က လူနာတွေအသုံးပြုခဲ့တဲ့ ရေပုံး၊ ရေခွက်တွေကို အများသုံး ရေတွင်း၊ ရေကန်များမှာ အသုံးပြုခြင်းဖြင့် ဝမ်းရောဂါကူးစက်ဖြစ်ပွားတဲ့သာကေတွေလည်း ရှိပါတယ်။ ဒါကြောင့် သောက်သုံးရေခပ်ယူရာမှာ ဆေးကြောသန့်စင်ထားတဲ့ ရေပုံး၊ ရေခွက်တွေနဲ့ ခပ်ဖို့လိုအပ်ပါတယ်။

မြို့နယ်၊ ရပ်ကွက်တွေမှာ အဝီစိတွင်းက ရေကို ရေပိုက်ပျော့နဲ့ သွယ်ယူပြီး အိမ်တိုင်ရာရောက် ရေဖြန့်ဖြူးတဲ့စနစ်တွေကို တွေ့ရပါတယ်။ အဲဒီလိုဖြန့်ဖြူးရာမှာ ရေပိုက်တွေကို အညစ်အကြေးမြောင်းထဲက ဖြတ်သွယ်တာမျိုး၊ အမှိုက်ပုံတွေကြားက ဖြတ်သွယ်တာမျိုး စတဲ့ မသန့်ရှင်းတဲ့နေရာတွေက ဖြတ်သန်းပြီး ရေဖြန့်တာမျိုးကြောင့် ရေပိုက်အဆက်တွေ၊ ပေါက်တဲ့နေရာတွေကနေ အညစ်အကြေးရေတွေ ရေပိုက်ထဲဝင်ပြီး အဝီစိတွင်းရေဖြစ်ပေမယ့် မသန့်ရှင်းမှုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါကပ်အသွင်ဖြစ်ပွားမှုတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့် ရေပိုက်သုံး၍ ရေဖြန့်ဝေတဲ့အခါမှာ စနစ်တကျဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အများပြည်သူအတွက် ဖြန့်ဝေပေးနေတဲ့ ရေပေးဝေရေးစနစ်များရဲ့ ရေပိုက်လိုင်းတွေမှာ ချွတ်ယွင်းချက်ရှိရင်လည်း သောက်သုံးရေမသန့်ရှင်းမှုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားတတ်ပါတယ်။ ရေပေးဝေရေးစနစ်တွေမှာ အဝီစိတွင်းရေများ၊ ရေကန်ကြီးများမှ ရေများကို လိုအပ်တဲ့ရေသန့်စင်မှုလုပ်ငန်း (Water Treatment) အဆင့်ဆင့်ပြုလုပ်ပြီး ရေပိုက်ကြီးတွေနဲ့ သောက်သုံးရေဖြန့်ဖြူးလျက်ရှိတာကို တွေ့ရပါတယ်။ အဲဒီလို ရေပေးဝေရေးစနစ်မှ သန့်ရှင်းသောသောက်သုံးရေဖြန့်ဖြူးလျက်ရှိသော်လည်း လျှပ်စစ်မီးပျက်တဲ့အခါမှာ ရေပိုက်အတွင်း လေဖိအားလျော့နည်းသွားတဲ့အတွက် ပြင်ပမှမသန့်ရှင်းတဲ့ရေတွေ ရေပိုက်ထဲဝင်ရောက်လာပြီး လျှပ်စစ်မီးပြန်လာပြီးရေပြန်တင်တဲ့အခါ အဲဒီမသန့်ရှင်းတဲ့ရေတွေက သောက်သုံးတဲ့သူတွေဆီ ပထမဆုံးရောက်သွားပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်တာတွေလည်း ရှိပါတယ်။ (Water Treatment) ရေသန့်စင်မှုလုပ်ငန်း အားနည်းတာကြောင့် သောက်သုံးရေ မသန့်ရှင်းမှုဖြစ်ပြီး ရေမှတစ်ဆင့်ကူးစက်တတ်တဲ့ရောဂါတွေ ဖြစ်ကြရပါတယ်။ အများအတွက် သောက်သုံးရေပေးဝေတဲ့အခါမှာ ရေသန့်စင်မှုလုပ်ငန်း (Water Treatment)တွေ ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

အချို့ရေပေးဝေရေး အစီအစဉ်တွေမှာ မြစ်ရေတွေကို အသုံးပြုကြပါတယ်။ အချို့လည်း ကိုယ်ပိုင်ရေစက်တွေနဲ့ မြစ်ရေကို သွယ်ယူအသုံးပြုကြပါတယ်။ အဓိကအားဖြင့် ရေကိုစတင်စုပ်ယူတဲ့ နေရာတွေမှန်ကန်ဖို့ လိုအပ်ပါတယ်။ အချို့နေရာတွေမှာ စတင်စုပ်ယူတဲ့နေရာတွေဟာ လှေ၊ မော်တော်များ၊ သင်္ဘောများ ဆိုက်ကပ်ထားတဲ့ နေရာနဲ့ နီးလွန်းခြင်း၊ ရေစုပ်တဲ့နေရာအနီးမှာ လူများပုံကျနေထိုင်ခြင်း၊ အဝတ်လျှော်၊ ရေချိုးခြင်း စတာတွေကို လုပ်နေလို့ အဲဒီကတစ်ဆင့် ရောဂါပိုးများ ရေထဲရောက်ရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားမှုများ ရှိခဲ့ပါတယ်။

တောင်ပေါ်ဒေသတွေမှာ နေထိုင်သူတွေကျတော့ များသောအားဖြင့် သဘာဝရေဖြစ်တဲ့ စမ်းရေကို ဝါးပိုက်တွေနဲ့သွယ်ယူပြီး ရေကန်တွေ ဆောက်လုပ်သုံးစွဲတတ်ကြပါတယ်။ အဲဒီရေယူတဲ့စမ်းချောင်းတစ်လျှောက်မှာ အညစ်အကြေးစွန့်ပစ်တဲ့အလေ့အထလည်း ရှိနေတော့ မိုးရွာလျှင် ဒါမှမဟုတ် စမ်းချောင်းထဲ အဝတ်လျှော်၊ ရေချိုးတတ်တာကြောင့် အညစ်အကြေးတွေ ကန်ရေထဲရောက်ရှိပြီး တောင်ပေါ်ဒေသတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်မှုဖြစ်ပွားရခြင်းဖြစ်ပါတယ်။ မြစ်၊ ချောင်း၊ စမ်းချောင်းဘေးပတ်ဝန်းကျင်မှာ အိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ မစင်နဲ့အညစ်အကြေး စွန့်ပစ်ခြင်းတို့ ရှောင်ရှားခြင်းအားဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ရေကတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေကို ကာကွယ်နိုင်ပါတယ်။

အချို့မြို့ကြီးတွေမှာ အညစ်အကြေးစွန့်ပစ်တဲ့ရေမြောင်းတွေကို နီးစပ်ရာမြစ်ချောင်းထဲ စီးဝင်စေတာ တွေ့ရပါတယ်။ အချို့လည်း မြစ်ချောင်းထဲတွင် ရေချိုးခြင်း ဝမ်းပျက်ဝမ်းလျှောလူနာရဲ့အဝတ်အစား လျှော်ဖွပ်တာတို့ကြောင့်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားမှုကို တွေ့ရှိရပါတယ်။

အထူးသဖြင့် ရေလောင်းအိမ်သာ သုံးစွဲတဲ့သူအနေနဲ့(Septic Tank) မိလ္လာကန် မလျှံဖို့လည်း အထူးဂရုပြုရပါမယ်။ လျှံကျလာတဲ့ မိလ္လာကန်က ရေတွေဟာလည်း သောက်သုံးရေ အရင်းအမြစ်တွေထဲ ရောက်ရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ဖြစ်ပွားနိုင်ပါတယ်။

ဒါကြောင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲတဲ့အခါမှာ မစင်အညစ်အကြေးနဲ့ သောက်သုံးရေတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့မှုမရှိနိုင်တဲ့ နေရာမျိုးကို ရွေးချယ်ဆောက်လုပ်အသုံးပြုရမှာဖြစ်ပါတယ်။

အချို့ဖြစ်စဉ်တွေမှာတော့ မိလ္လာရေတွေကို စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အသုံးပြုရာက အဲဒီဟင်းသီးဟင်းရွက်တွေ သေချာစွာ ဆေးကြောသန့်စင်မှု မပြုလုပ်ဘဲ စားသုံးတဲ့အတွက်ကြောင့် ဝမ်းပျက်ဝမ်းလျှောကူးစက်ဖြစ်ပွားတာလည်း တွေ့ရပါတယ်။

ဖြစ်စဉ်တွေကို လေ့လာကြည့်ရင် မစင်နဲ့အညစ်အကြေးတွေဟာ သောက်သုံးရေ အရင်းအမြစ်များသို့ နည်းမျိုးစုံနဲ့ရောက်ရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားတာကို တွေ့ရပါတယ်။ ဒီလိုမဖြစ်အောင် အခြေအနေများပေါ် မူတည်ပြီး သင့်တော်တဲ့နည်းလမ်းနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောရောဂါဟာ အစားအသောက်မှတစ်ဆင့်လည်း စတင်ကူးစက် ဖြစ်ပွားနိုင်ပါတယ်။ အိမ်သာဆောက်လုပ်သုံးစွဲမှုအားနည်းခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအားနည်းခြင်း၊ အိမ်သာဆင်းပြီးတိုင်းနှင့် အစာမစားမီ ဆပ်ပြာနဲ့လက်ဆေးတဲ့အကျင့်ဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် မစင်အညစ်အကြေးနဲ့ အဲဒီမှာပါတဲ့ ရောဂါပိုးတွေဟာ လက်ကနေတစ်ဆင့် အစားအစာတွေကို တစ်နည်းနည်းနဲ့ ထိတွေ့ပြီး ရောဂါဖြစ်ပွားကူးစက်တာဖြစ်ပါတယ်။

ဒါကြောင့် အလှူအတန်း၊ ပွဲလမ်းသဘင်တွေကျင်းပပြီး လူအများအတွက် ချက်ပြုတ်ကျွေးမွေးမယ်ဆိုရင် အဓိက ချက်ပြုတ်ကျွေးမွေးမည့်သူတွေဟာ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ ဖျားနာခြင်း၊ လက်နှင့်ခန္ဓာကိုယ်မှာ အနာရှိနေခြင်း၊ ကျန်းမာရေးမကောင်းခြင်းတို့ဖြစ်နေရင် အဲဒီလူတွေဟာ ချက်ပြုတ်ကျွေးမွေးတဲ့ တာဝန်ကိုမလုပ်ဖို့ လိုအပ်ပါတယ်။ သူတို့ကတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားနိုင်ပါတယ်။ ကျန်းမာရေးဌာနတွေနဲ့တိုင်ပင်ပြီး အစားအစာချက်ပြုတ်ပြင်ဆင်တဲ့သူတွေကို ကျန်းမာရေးစစ်ဆေးပြီးမှသာ အစားအစာချက်ပြုတ်ကျွေးမွေးပြင်ဆင်ဖို့ တာဝန်ပေးသင့်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများရဲ့ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများမှတစ်ဆင့် အနီးကပ်ကိုင်တွယ်ထိတွေ့ပြုစုသူများအား ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်နိုင်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာရဲ့ အဝတ်အစားတွေကို ရေထွက်ပင်ရင်းအနီးမှာ လျှော်ဖွပ်ရင် ရောဂါပိုးပါတဲ့ အညစ်အကြေးများဟာ သောက်သုံးရေများထဲသို့ဝင်ရောက်ပြီး ရောဂါကူးစက်ပြန့်ပွားမှုများဖြစ်နိုင်တဲ့အတွက် လူနာများရဲ့ အဝတ်အစားများကို ဆေးရုံရှိ သီးသန့်သတ်မှတ်ထားတဲ့နေရာမှာ လျှော်ဖွပ်ဖို့နဲ့ အိမ်မှာဖြစ်ပွားတဲ့လူနာများရဲ့ အဝတ်အစားများကိုတော့ ရေထွက်ပင်ရင်းနဲ့ဝေးဝေးမှာ လျှော်ဖွပ်ဖို့ အရေးကြီးပါတယ်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးတဲ့နောက် ကယ်ဆယ်ရေးစခန်းများ ဆောက်လုပ်နေထိုင်စေတဲ့အခါမှာ လူအများစုဝေးနေထိုင်ရတဲ့အတွက် ဝမ်းပျက်ဝမ်းလျှောအပါအဝင် အခြားကူးစက်ရောဂါတွေ ဖြစ်ပွားနိုင်တာကြောင့် ကယ်ဆယ်ရေးစခန်းများ စီစဉ်ဆောင်ရွက်ရာတွင် သန့်ရှင်းတဲ့သောက်သုံးရေလုံလောက်စွာရရှိဖို့၊ သန့်ရှင်းလတ်ဆတ်တဲ့ အစားအစာရရှိဖို့နဲ့ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲဖို့တို့ဟာလည်း အရေးကြီးတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

အချို့ဖြစ်စဉ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူများဟာ အချိန်မီဆေးကုသမှုခံယူခြင်းမရှိသဖြင့် အသက်ဆုံးရှုံးရသော ဖြစ်စဉ်များလည်း တွေ့ရှိရပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ သေဆုံးသူတွေမှတစ်ဆင့်လည်း ကူးစက်ဖြစ်ပွားမှုများ တွေ့ရပါတယ်။ ဒါကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ သေဆုံးသူတွေကို ချက်ချင်းသင်္ဂြိုဟ်သင့်ပြီး ကိုင်တွယ်သူများမှတစ်ဆင့် ရောဂါမပြန့်ပွားစေရန် အထူးဂရုစိုက်သင့်ပါတယ်။ ကာလဝမ်းရောဂါကြောင့် သေဆုံးသူများရဲ့ နာရေးကိစ္စတွေမှာ လူအများအပြားကို ချက်ပြုတ်ကျွေးမွေးရာကတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်တဲ့ဖြစ်စဉ်တွေရှိတာကြောင့် ချက်ပြုတ်ပြင်ဆင်ကျွေးမွေးသူတွေကို ကျန်းမာရေးစစ်ဆေးဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်မှု ကာကွယ်နိုင်ပါတယ်။

ယခုတလော ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားတာတွေတင်မကဘဲ အစာအဆိပ်သင့်ရောဂါဖြစ်ပွားမှုတွေ များလာတာကိုလည်း တွေ့ရပါတယ်။ အစာအဆိပ်သင့်တယ်ဆိုတာ အစားအစာထဲကို အစာအဆိပ်သင့်ရောဂါ ဖြစ်စေနိုင်တဲ့ ရောဂါပိုး (ဥပမာ-Staphylococcus aureus ဗက်တီးရီးယားပိုး) ဝင်ရောက်မှုကြောင့် ဖြစ်တာများပြီး အချို့လည်း ဓာတုပစ္စည်းအဆိပ်သင့်မှုကြောင့် ဖြစ်တာတွေလည်း ရှိပါတယ်။ ရောဂါပိုးကြောင့် အစာအဆိပ်သင့်တာကတော့ အစားအစာချက်ပြုတ်တဲ့ ကုန်ကြမ်းပစ္စည်းများ ပြုလုပ်ကိုင်တွယ်သူတွေ၊ အစားအစာချက်ပြုတ်ပြင်ဆင် ကျွေးမွေးတဲ့သူတွေမှာ ရောဂါပိုးရှိနေရင် အဲဒီကတစ်ဆင့်အစာအဆိပ်သင့်ရောဂါ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် လူအများစုကို ချက်ပြုတ်ကျွေးမွေးတဲ့အခါမှာ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးတဲ့သူတွေမှာ အစာအဆိပ်သင့်ဖြစ်စေတဲ့ ရောဂါပိုး ရှိ မရှိ ကျန်းမာရေးစစ်ဆေးပြီး ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ လက်၊ နှာခေါင်းနဲ့စအိုတို့မှ ဓာတ်ခွဲနမူနာများရယူစစ်ဆေးပြီး အစားအသောက်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါပိုးမရှိမှသာ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးဖို့ တာဝန်ပေး ဆောင်ရွက်သင့်ပါတယ်။

အစာအဆိပ်သင့်ဖြစ်စေတဲ့ပိုးဟာ အဆိပ်အတောက်တွေ ထုတ်ပေးတာကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားတာဖြစ်ပြီး ပူအောင်ချက်ပြုတ်ကျွေးမွေးရင်တောင် ဒီအဆိပ်အတောက်ဟာ မပျက်နိုင်ပါဘူး။ ဒါကြောင့် မချက်ပြုတ်မီ ချက်ပြုတ်ကျွေးမွေးပြင်ဆင်မည့်သူတွေကို ကျန်းမာရေးစစ်ဆေးဖို့ အထူးအရေးကြီးပါတယ်။ အလှူလုပ်မည့်သူတွေအနေနဲ့လည်း ဒီအချက်ကို လိုက်နာဆောင်ရွက်သင့်ပါတယ်။

ယခုတလော မှိုအဆိပ်အတောက်ဖြစ်ပွားမှုကြောင့် သေဆုံးမှုတွေလည်း တွေ့နေရတဲ့အတွက် စားလို့ရတဲ့စားနေကျ မှိုကလွဲလို့ ကိုယ်မစားဖူးတဲ့မှို၊ မသိတဲ့မှိုတွေကို မစားသုံးကြဖို့ အရေးကြီးပါတယ်။ အစာအဆိပ်သင့်မှုဟာ ဆေးကုသမှုခံယူရင်တောင် အသက်အန္တရာယ်ရှိတဲ့အတွက် မဖြစ်အောင်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အထူးလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက သောက်သုံးရေသိုလှောင်သုံးစွဲတဲ့အခါ များသောအားဖြင့် ဓာတုပစ္စည်းများ သိုလှောင်ထည့်သွင်းခဲ့တဲ့ ရေဘူး၊ ရေပုံး၊ ရေတိုင်ကီများကို မသုံးစွဲကြဖို့ အရေးကြီးပါတယ်။ သေချာစွာ ဆေးကြောသန့်စင်မှုမပြုလုပ်ဘဲ သောက်သုံးရေတွေ သိုလှောင်သုံးစွဲတဲ့အတွက် ဓာတုအဆိပ်ဖြစ်ပြီး သေဆုံးမှုတွေ ရှိနေပါတယ်။ ဒါကြောင့် ဓာတုပစ္စည်း ထည့်သွင်းသိုလှောင်ထားတဲ့ ရေဘူး၊ ရေပုံးနဲ့ ရေတိုင်ကီတွေကို အသုံးမပြုသင့်ကြောင်း အထူးဂရုပြုလိုက်နာဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် မိဘပြည်သူများအနေနဲ့ အသက်အန္တရာယ်ရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အစာအဆိပ်သင့်ရောဂါဖြစ်ပွားမှုများ ကင်းဝေးစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်းနှင့် ဖြစ်ပွားလာပါက ကျန်းမာရေးဌာနများတွင် အချိန်မီဆေးကုသမှုခံယူသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တောင်ကုတ်၌ အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးရှင်းလင်း

တောင်ကုတ် ဇူလိုင် ၂၃

တောင်ကုတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနကကြီးမှူး၍ အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထင်အောင်လင်းက အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာ အခြေခံဗဟုသုတများ ရှင်းလင်းဆွေးနွေးပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်အခွန်ဦးစီး)

ကျုံပျော်မြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမှု သရုပ်ပြ

ကျုံပျော် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်၌ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၀ နာရီက မြေရဲတောင်အုပ်စု တောင်သူဦးမြင့်အုန်း၏ လယ်မြေ ငါးဧက **(အောက်ပုံ)** ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးမှုကို ရှင်းလင်းပြောကြားသည်။

သရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးလှမျိုးနွယ်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်လေ့လာကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)



ပညာသင်ထောက်ပံ့ကြေး ရေစကြို၌ ပေးအပ်

ရေစကြို ဇူလိုင် ၂၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ချီးမြှင့်သော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာ အဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်သားသမီးများဖြစ်သော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းအဆင့် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၅၈ ဦးအတွက် စုစုပေါင်း ငွေကျပ် ၈၄၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ဘ ဝ တစ် ကွေ့ အ တွေ့ အ ကြုံ

နှစ်(၅၀)အတွင်း မြန်မာ့သစ်တော အခြေအနေ

တင်ထွေး(မုံရွာ)

လွန်ခဲ့သည့် နှစ်(၅၀)ခန့်က ၁၉၆၂ ခုနှစ်တွင် စာရေးသူသည် သစ်တောဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ပါသည်။ မှတ်သားမိသရွေ့ဖော်ပြရသော် ထိုစဉ်က မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည့်အနက် သစ်တောဖုံးလွှမ်းသည့် အကျယ်အဝန်းမှာ ၁၄၉၈၈၉ စတုရန်းမိုင်ရှိသဖြင့် ၅၇ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုမှာလည်း ညီညွတ်မျှတသည်ဖြစ်၍ လယ်ယာကဏ္ဍမှာလည်း ဆည်ရေသောက်ကိုအားမကိုးဘဲ မိုးကောင်းလယ်ယာအဖြစ် ဆန်စပါးများ ဖြစ်ထွန်းအောင်မြင်ခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ လူဦးရေမှာလည်း ၁၇ သန်းမျှသာရှိသည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အဖြစ် ဆန်စပါးနှင့် ကျွန်းသစ်သည် ထိပ်ဆုံးမှ ရှိနေသည်ဖြစ်၍ "လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန"အဖြစ် မျက်နှာပန်းလှ အထူးပြုဖွဲ့စည်းခဲ့ပါသည်။

မြန်မာ့သစ်တောသည် ကျွန်းသစ်နှင့် အခြားအဖိုးတန်သစ်များ ပေါများကြွယ်ဝခဲ့သဖြင့် အရှေ့တောင်အာရှတွင်သာမက ကမ္ဘာမှာပင် ထင်ရှားခဲ့၍ ဂုဏ်ယူဝင့်ကြွားစရာဖြစ်ခဲ့ရပါသည်။ နှစ်စဉ်တိုးပွားလာသည့် လူဦးရေနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ မြန်မာ့သစ်တောမှ ကျွန်းနှင့် အဖိုးတန်သစ်များထုတ်ယူခဲ့ရာ ယနေ့အချိန်တွင် မြန်မာ့သစ်တော၏ ပကတိအခြေအနေသည် ***"ဆိတ်ပါများ အနာဖြစ်"*** ဆိုသကဲ့သို့ သစ်တောပြုန်းတီးမည့်အခြေသို့ ရောက်မှန်းမသိ ရောက်ရှိနေခဲ့ပါသည်။ ဒုတိယအကြိမ် အမည်ပြောင်းခဲ့သည့် "သစ်တောရေးရာဝန်ကြီး" ဌာနအမည်မှ လွှန်မြောက်ခဲ့ပြီး ယနေ့ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန" အဖြစ် ရပ်တည်လျက်ရှိခဲ့ပါသည်။

သို့ဖြစ်၍ သစ်တောပြုန်းတီးမှုဆိုသည့် အကြောင်းတရားကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် အကျိုးတရားဖြစ်ပေါ်ခဲ့ရပါသည်။ ယနေ့ နိုင်ငံတော်နှင့် ပြည်သူများအနေဖြင့် ***"ပျက်အစဉ် ပြင်ခဏ"*** ဆိုသည့်အတိုင်း သစ်တောပြုန်းတီးမှုကိုကာကွယ်ရန်နှင့် သစ်တောသစ်ပင်များအား ပြန်လည်ပြုစုပျိုးထောင်ခြင်းကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားရန် အထူးလိုအပ်လှပါသည်။ သစ်တောများ ပျက်စီးပြုန်းတီးမှုသည် ကမ္ဘာကြီး၏ ရာသီဥတုဖောက်ပြန်မှုကို အားပေးခဲ့ပြီး သဘာဝဘေးအန္တရာယ်များခံစားရမည့် ဆိုးကျိုးကွင်းဆက်များအဖြစ် ရပ်တည်နေခဲ့ရပါ၏။ ဤတွင် အကောင်းအဆိုးဒွန်တွဲလျက် သင်္ခါရလောက၏ဖြစ်စဉ်ကို ထင်ရှားစွာသိမြင်ခဲ့ရပြီးဖြစ်ပါ၏။ သို့ဖြစ်၍ နောင်မျိုးဆက်သစ်များအတွက် ယခုမှစ၍ သစ်တောများ ပျက်စီးပြုန်းတီးရသည့် အကြောင်းနှင့် သစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းရမည့် ပညာပေးအသိအမြင်များကို မြို့ပြနှင့် ကျေးလက်များအထိ ကွင်းဆင်းဟောပြောရန် အထူးလိုအပ်နေပါသည်။

သစ်တောများ ပြုန်းတီးရသည့် အခြေခံအချက်များကို အောက်ပါအတိုင်း လေ့လာသိရှိရသည်-

၁။ ထင်းမီးသွေးသုံးစွဲမှု များပြားခြင်း
၂။ အုတ်ဖုတ်လုပ်ငန်းများ လုပ်ကိုင်မှုများပြားခြင်းကြောင့် မြေဆီလွှာပြုန်းတီးရခြင်း
၃။ ရွှေ့ပြောင်းတောင်ယာနည်းစနစ်သုံးစွဲခြင်း
၄။ အစားထိုးပြန်လည်စိုက်ပျိုးမှု မရှိခြင်း(သို့) အားနည်းခြင်း
၅။ အလွန်အကျွံသစ်ထုတ်ခြင်း
၆။ တရားမဝင်သစ်ခိုးယူခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် မှတ်တမ်းအရ သစ်တောပျက်စီးမှု နှစ်စဉ် ဧကငါးသိန်းကျော်ရှိကြောင်း မှတ်သားခဲ့ရသည်။ ဆက်လက်၍ သစ်တောပြုန်းတီးမှု ကာကွယ်နိုင်မည့် နည်းလမ်းများကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်သည်-

၁။ ရှိပြီးသား လက်ကျန်သစ်တောများကို ထိန်းသိမ်းခြင်း
၂။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား အခြားအစားထိုးနည်းလမ်းများ သုံးစွဲခြင်း။ ဥပမာ-လှေကားထစ်စိုက်ပျိုးခြင်း
၃။ ထင်းအစားထိုးလောင်စာများအသုံးပြုခြင်း
၄။ သစ်တောများပြန်လည်ထူထောင်စိုက်ပျိုးခြင်း
၅။ သစ်တောဥပဒေ-နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲ၍ ရွေးချယ်ခုတ်လှဲခြင်းစနစ် ကျင့်သုံးခြင်း
၆။ တရားမဝင် သစ်ခိုးသူများအား ထိရောက်စွာအရေးယူခြင်း
၇။ ဒေသခံများအား အသိပေးခြင်းကို ကွင်းဆင်းကြပ်မတ်ခြင်းတို့ ဖြစ်ကြသည်။

သစ်တောများပြုန်းတီးခြင်း၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများမှာ အပူချိန် ပြင်းထန်ခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောခြင်း၊ သစ်ပင်မျိုးစိတ်များ ပျက်သုဉ်းခြင်း၊ တောရိုင်းတိရစ္ဆာန်၊ ကျေးငှက်၊ သားရဲများ စားကျက်ပျောက်၍ ဂေဟစနစ်ပျက်စီးခြင်း၊ ဇီဝမျိုးဆက်မျိုးသုဉ်းခြင်းများ ဖြစ်ပေါ်စေသည်။

ယနေ့ ၂၀၁၂ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူဦးရေသန်း ၆၀ ခန့်ရှိနေပြီဖြစ်ပါသည်။ နောင်တိုးပွားလာမည့် လူဦးရေအတွက်မျှော်မှန်း၍ လက်ရှိခံစားနေရသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲခြင်းမှစ၍ သဘာဝဘေးဒဏ်များ ခံစားနေကြရမှုအတွက် များစွာစိတ်မကောင်းဖြစ်ရပါတော့သည်။ သို့ဖြစ်၍ နှစ်ပေါင်း ၅၀ အတွင်း မြန်မာ့သစ်တော၏ အခြေအနေကို ရှုမြင်သုံးသပ်လျက် သင်ခန်းစာရယူပြီး အစိုးရနှင့်ပြည်သူ ပူးပေါင်း၍ အနာဂတ်နိုင်ငံတော်အတွက် စိမ်းလန်းစိုပြည်သည့် မြန်မာ့သစ်တောကြီးများအား ပြန်လည်ထူထောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း တိုက်တွန်းရေးသားလိုက်ပါတော့သည်။ ။

ဖိုချောင်းတံတား တောင်ကျရေကြောင့် ကျိုးကျပျက်စီး

သာပေါင်း ဇူလိုင် ၂၃

ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခန့်က နေ့စဉ်အဆက်မပြတ် မိုးရွာသွန်းပြီး တောင်ကျရေများ တစ်ဟုန်ထိုး စီးဆင်းလာမှုကြောင့် သာပေါင်း-သဲဖြူကားလမ်းပေါ်ရှိ ကျွန်းလျားကြီးကျေးရွာအုပ်စု သဲဖြူကျေးရွာနှင့် တောင်ထန်းကျေးရွာအကြား အလျား ပေ ၈၀၊ အနံ ၁၆ ပေရှိ ဖိုချောင်းသစ်သားတံတားသည် သာပေါင်းမြို့ဘက်ခြမ်းမှ ၁၂ ပေခန့် ကျိုးကျပျက်စီးသွားခဲ့သည်။ ခရီးသွားများ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ အဆိုပါ တံတားပျက်စီးမှုကို သက်ဆိုင်ရာမှ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။

(၀၇၇)

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်း

လပွတ္တာ ဇူလိုင် ၂၃

လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာအုပ်စု လာတာချောင်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာကြည်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ပြည်သူများက စာအုပ်စာစောင် ၄၂၇ အုပ်ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးငွေနှင့် အလှူရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံမှာ သွပ်မိုး၊ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်သူကြားက စကားသံ

ပူတယ်လေ-ဆယ်နေကဲပါဘိ

ဦးကျော်ဇော(လှသီပွံ့-ရွှေဘို)

"ပူတယ်လေ ဆယ်နေကဲပါဘိ မြူခြေငယ်တိမ်ကင်းပါလို့၊ အသူရိန်နေမင်းရယ်က မငဲ့ညှာ၊ ခါဝဿန် မိုးလပေမယ့်၊ ဖက်ဆွတ်ကယ်မှမရွာ၊ မိုးညိုညိုဘယ်ခါပြိုပ့ါ၊ စိုးတဖိုဖို ရင်မှာသိမ့်လို့ရယ်၊ မျှော်သူမှာ ပူပုံတင်းပါပေ့၊ ကိုပစ္စုန်ဒေဝမင်းရယ်၊ စာနာလှည့်ပါ မယ်တို့ရွာ။"

မနှစ်တုန်းက ဒီလိုအချိန်မျိုးဆိုရင် ရွာလို့မပြီးတဟည်းဟည်းနဲ့၊ နှစ် ၄၀ အတွင်းမှာ အမြင့်ဆုံးစံချိန်တောင် တင်လိုက်သေး၊ အခုတော့ စိမ်းကားလိုက်တဲ့ ကိုရွှေမိုးက ရွှေဘိုကို အလှည့်မပေးသေးဘူးထင်ပါရဲ့၊ မုတ်သုံလေအားကလည်း နေ့တိုင်း ကောင်းမှကောင်း၊ ရွာလိုက်တဲ့မိုးကလည်း မြန်ပြည်တစ်ခွင် ရွာမှရွာ၊ ရေကြီးနေတဲ့ မြို့ရွာတွေရဲ့ ရေပြင်ကျယ်မြင်ကွင်းကလည်း တဖွေးဖွေး၊ ဒါပေမယ့် ဘာများအလိုမကျလို့ ရွှေဘိုကိုတော့ သွေဖည်ရှောင်လို့ တိမ်းနေသလဲမသိပါဘူး။ ပူလိုက်တာလည်း လွန်ပါရော။ ဟိုးအရင်နှစ်တွေကလည်း ဒီလိုမျိုးမဖြစ်ဖူးဘူးလားဆိုတော့ သုံးနှစ်တစ်ခါ၊ လေးနှစ်တစ်ခါတော့ ဖြစ်ဖူးလေ့ရှိပါတယ်။ ရွှေဘိုဆိုတာ မိုးနည်းရပ်ဝန်းဒေသပေကိုး။ ဒါပေမယ့် သဖန်းဆိပ်ကြီးရဲ့ ကျေးဇူးတော်ကြောင့် ရွှေဘိုရဲ့မြောက်လက်၊ တောင်လက်နဲ့ အနောက်လက်တွေမှာတော့ စိုက်ပျိုးရေးတွေ မထိခိုက်ပါဘူး။

ထုံးစံအတိုင်း ထိခိုက်နေကျကတော့ ရွှေဘိုအရှေ့လက်ပါပဲ။ မိုးတစ်မျိုးတည်းကိုသာ အဓိကမျှော်ကိုးပြီး စိုက်ရပျိုးရတာကလား။ မိုးမျှော်တောင်သူတွေအဖို့ ဒီရက်ပိုင်းမှာမှ မိုးမရွာရင် အခက်တွေ့မလားပဲ။ ရွှေဘိုရဲ့ အရှေ့လက်ဆိုတာကလည်း စိုက်နိုင်ပျိုးနိုင်တဲ့ ဧရိယာက နည်းလှတာမဟုတ်ပါဘူး။ ပဲစင်းငုံ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဝါ၊ ကြံ၊ နေကြာ စတဲ့သီးနှံတွေ မိုးကောင်းရင်ကောင်းသလို ထွက်ကြပါတယ်။ ခက်တာက ရွှေဘိုအရှေ့လက်မှာ မိုးရွာမှသာရေရှိတဲ့ ဂျိုးကြာဆည်တို့၊ သပြေသစ်ချိုဆည်တို့၊ ဆင်းကွတ်ကန်တို့ရှိနေပေမယ့်လည်း ရေမမီတော့ ဖြန့်ဝေမပေးနိုင်ကြဘူး။ မြေအနေအထားကလည်း ရွှေဘိုထက်အနည်းငယ်မြင့်နေတာကြောင့် ရေအမြဲတမ်းရှိတဲ့ မဟာနန္ဒာကန်တော်ကြီးကရေကလည်း အဲ့ဒီဘက်ကို စီးမဝင်နိုင်ဘူး ဖြစ်နေတယ်လေ။ အရှေ့ဘက်က တောင်သူတွေက မျှော်ကြတာပေ့ါ။ အကယ်၍များ အမြဲတမ်း ရေဝင်ဧရိယာများ ဖြစ်နိုင်ခဲ့မယ်ဆိုရင်ဖြင့်ပေါ့။

ဒီကြားထဲ ခိုင်းနွားတွေရဲ့ ပြဿနာကလည်း တစ်မျောင့်။ သူတို့တစ်တွေကို ကျွေးစရာ ရွာနီးပတ်ဝန်းကျင်မှာ မြက်ကမရှိဘူး။ ဒီတော့ဘာလုပ်ကြတယ်ထင်လဲ၊ မြို့ပေါ်တက်ပြီး နွားကျောင်းရတာပေ့ါ။ **(အောက်ပုံ)** ဘယ်တတ်နိုင်ပါ့မလဲလေ။ မြို့ပေါ်မှာ ကားရယ်၊ နွားရယ်၊ ဆိုင်ကယ်ရယ်နဲ့ ဝေဝေကိုစီလို့၊ Globalization လို့ခေါ်တယ် မဟုတ်လား။ "မင်းတို့ဟာက မဟုတ်သေးပါဘူးကွာ။ မြို့ပေါ်မှာမှလာပြီး နွားကျောင်းရတယ်လို့" ဆိုတော့ "ဦးကြီးက ဘာသိလို့တုန်း ရွာမှာကျွေးစရာမြက်ကလည်းမရှိဘူး၊ တောထဲမှာ တိုက်စရာရေဆိုလို့လည်း ရှိတာမဟုတ်ဘူး၊ ဒါကြောင့် မြို့ပေါ်လာပြီး နွားကျောင်းရတာ၊ ကျွန်တော်တို့ကလည်း ဘယ်ကျောင်းချင်ပါ့မလဲတဲ့" ကဲပြီးကြရော။ တတ်နိုင်ပါဘူးလေ၊ ငါ့ဝမ်းပူစာမနေသာလို့ ဆိုပေသကိုး။

"မင်းတို့က ဘယ်ရွာတွေကလဲ"ဆိုတော့ "ကျွန်တော်တို့က ရွှေဘိုအရှေ့ဈေးကလေးရွာကပါတဲ့" ညီအစ်မနှစ်ယောက် တစ်ယောက်က မြချစ်၊ တစ်ယောက်က မြနှစ်လို့သိရတယ်။ ကြို့ပင်ကုန်းရွာက လာကျောင်းတဲ့အဖွဲ့လည်းရှိသေးတယ်။

ဇာတ်လမ်းကတော့ ဒီမှာတင်ပြီးပါပြီ။ လုပ်နိုင်ကြတဲ့သူတွေ လုပ်နိုင်ကြရလေအောင်၊ ပြောနိုင်သူတွေကလည်း ပြောကြလို့၊ ရေးနိုင်သူတွေကလည်း ရေးကြလို့ဆိုရင်ဖြင့် နိုင်ငံတော်ကြီးဟာလည်း ရေမြင့်လာရင် ကြာတွေလည်း တင့်လာတော့မှာပေါ့။ ။

ရေပြင် မြေပြင် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ရေး ဇူလိုင် ၂၃

မွန်ပြည်နယ် ရေးမြို့ ရွှေပြည်သာကျေးရွာ၌ ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ရေပြင် မြေပြင် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် အင်အားစုစုပေါင်း ၅၄ ဦး ပူးပေါင်းဆောင်ရွက်ကြပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သုံးနာရီကြာ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **နေမျိုးထွန်း(ရေး)**

"လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ"

ရန်ကုန်မြို့နေ ဒေါက်တာဦးကြည်စိုး (ညွှန်ကြားရေးမှူးချုပ် ၊ ငြိမ်း)

ကျန်းမာရေးဝန်ကြီးဌာန D.S.A (14) + ဒေါ်ခင်ဆွေ(ငြိမ်း) တို့၏သား

မောင်ပြည့်စိုး

B.A (English), B.Sc(Hons) International Tourism and Hospitality Management, University of Sunderland (UK) နှင့်

ရန်ကုန်မြို့နေ ဦးနေဝင်း+ဒေါ်မိမိထွန်း တို့၏သမီး

မစွပါးနေဝင်း

B.E (Information Technology), G.Dip.SA (National University of Singapore)

နှစ်ဖက်သောမိဘများနှင့်

မောင်ပြည့်စိုး + မစွပါးနေဝင်း

ခြင်္သေ့ဟာ

အဆင့်မြင့်ပြည်ဆိုင်ရာစီးပွားကုမ္ပဏီ ...

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ် ၇၀နေ ဒေါ်တင်စိုးရီ(ခ)ဒေါ်ဆွေဆွေ(ရွှေတိုင်မေရောင်းဝယ်ရေး)၏ တစ်ဦးတည်းသောသား

မောင်ရဲကျော်သူထွန်း

B.A(Business Management)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၈နေ ဦးမြင့်ဆန်း-ဒေါ်တင်တင်သိန်းတို့၏သမီးငယ်

မပွင့်ဟေမာန်တင်ဆန်း

B.A(Business Management), Dip in Accounting(LCCI)

တို့သည် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ရဲကျော်သူထွန်း-မပွင့်ဟေမာန်တင်ဆန်း

ဝိတိုရိယ ဆေးရုံကြီး

Quality Care

WITORIYA ဆေးရုံကြီး၏ Phone No. (Hunt Line No.) ကို 01-9666141 သို့ (1st Aug 2012) မှစ၍ ...

ပေါက်တောမြို့နယ်အသင်း(ရန်ကုန်)

(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက်၊အချိန် - ၂၉-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီမှ ၁၃း၀၀နာရီအထိ

ကျင်းပမည့်နေရာ - ဓညဝတီသာသနာပြုကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊

အသက်(၇၅)နှစ်အထက်နှင့် ၂၀၁၁/၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ သတင်းပို့ရန် ဓညဝတီကျောင်းတိုက် ဖုန်း-၀၁-၃၇၉၈၉၈၊ ဦးမြသာ ဖုန်း-၀၁-၃၇၃၃၇၃၊ ဦးသံဝေရ ဖုန်း-၀၁-၂၄၈၀၄၅၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၅၀၀၄၁၅တို့သို့ ဇူလိုင် ၂၈ရက်နောက်ဆုံးထား၍ ပေးပို့ပါရန်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ န၀ဒေးလမ်း၊ အမှတ် ၁၁၊ တေးနုယဉ်ကွန်ဒို၊ မြေညီထပ်(နှစ်လွှာ-ဘီ)ဟု ခေါ်တွင်သော တိုက်ခန်း၏အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ၁-၇-၂၀၁၂ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို

LL.B,H.G.P,Dip in Business Law,

Dip in Applied Psychology, Dip inMaritime Law,

WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေကြီးနှင့်

စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄

ကားရောင်းမည်

Hilux Surf -96mdl

SSR-G(ကတုံး)- 260Lks

ယာယီ၊ အသားရောင်

ဖုန်း-၀၉-၄၃၀၉၅၃၈၅

ဖုန်း-၀၉-၇၃၉၀၁၈၃၉

ဖခင်အမည်မှန်

အထက(၂)၊ လှိုင်သာယာမြို့၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်စောသဝါး၏ ဖခင်အမည်မှန်မှာ ဦးစောဝါး ကပေါ် ဖြစ်ပါကြောင်း။

ဦးစောဝါးကပေါ်

"အသည်းရောဂါရှင်များနဲ့ အသည်းရောဂါကာကွယ်လိုသူတွေအတွက် ကိုယ်တိုင်ကုသရင်း သုတေသနပြု ထုတ်လုပ်ထားတဲ့ ....."

မန်းရာဇာ အသည်းအားဆေး

ဒူးခေါင်းနှင့် တင်ပါးဆုံရိုးအဆစ် အစားထိုးခွဲစိတ်ကုသခြင်း

ဝိတိုရိယ ဆေးရုံကြီး

Quality Care

ဝိတိုရိယဆေးရုံတွင် ... Corentec Implant Company နှင့် ... (Special Discounted Package Price) ဖြင့်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Sales & Marketing Department, Phone: 09401575558, 09401575559, 09401575560

No.(68), Tawwin Street, 9 Mile,Mayangone Township,Yangon, Myanmar. | Tel : 01- 666 141 Fax : 01- 666 141

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

➢ ဇမ္ဗူသီရိဆေးရုံကြီးမှ အခြေခံကျန်းမာရေး စစ်ဆေးခြင်း၊ အဆင့်မြင့်ကျန်းမာရေး စစ်ဆေးခြင်း၊ အထူးအဆင့်မြင့်ကျန်းမာရေး စစ်ဆေးခြင်းများကို ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရောဂါဗေဒကျွမ်းကျင်ပါရဂူကြီးများ၊ ဓာတ်ခွဲကျွမ်းကျင်သူများဖြင့် ဆီး၊ သွေး၊ နှလုံး၊ အသည်း၊ သည်းခြေ၊ ကျောက်ကပ်၊ အရိုးအဆစ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ဆီးကျိတ်၊ မသားဥ၊ ရင်သား၊ ပန်ကရိယ၊ အူမကြီးတို့တွင် ဖြစ်လေ့ရှိသော ကင်ဆာရောဂါများ၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းရောဂါများ ရှိ/မရှိကို တိကျမှန်ကန်စွာ စစ်ဆေးပေးနေပါသည်။

➢ **ထို့အပြင် ရောဂါအမျိုးအစားတစ်ခုချင်းစီကိုလည်း စိတ်တိုင်းကျ စစ်ဆေးနိုင်ပါသည်။**

➢ ဓာတ်ခွဲ၊ ဓာတ်မှန်အဖြေများအရ လိုအပ်လျှင် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများနှင့် ချိတ်ဆက်၍ သင့်ကျန်းမာရေးအား ပကတိပြန်လည်ကောင်းမွန်သည်အထိ အကောင်းဆုံးဝန်ဆောင်မှု ပေးနေပါသည်။

➢ **ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု အစီအစဉ်**

♦ **ကလေးသူငယ်များအတွက်**

ရောဂါ (၅)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ ပိုလီယိုရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ)၊

ရောဂါ (၄)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ)၊

ရောဂါ (၃)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဝက်သက်၊ ပါးချိတ်ရောင်၊ ဂျိုက်သိုးရောဂါ)၊

ရာသီအလိုက်ဖြစ်ပွားသော တုပ်ကွေးရောဂါ၊ ရေကျောက်ရောဂါ၊ Rota Virus ကြောင့်ဖြစ်သော ဝမ်းလျှောဝမ်းပျက်ရောဂါ။

♦ **လူကြီးများအတွက်** အသည်းရောင်အသားဝါ အေ၊ ဘီ၊ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာရောဂါ၊ ခွေးရူးပြန်ရောဂါ၊ မေးခိုင်ရောဂါ။

➢ သင့်ကျန်းမာရေးအတွက် **ဇမ္ဗူသီရိအထူးကုဆေးရုံကြီး** က အကောင်းဆုံး အထောက်အကူပြုပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

➢ ***ဆက်သွယ်စုံစမ်းရန်- ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဆေးရုံအုပ်ကြီး ဖုန်း-၀၆၇-၅၅၀၁၅၀၊ လက်ထောက်ဆေးရုံအုပ်ကြီး ဖုန်း-၀၉-၇၃၁၆၆၈၀၇၊ ရောဂါဗေဒဆရာဝန်ကြီး ဖုန်း-၀၉-၄၉၂၀၄၅၀၆၊ ဆက်ဆံရေးအရာရှိ ဖုန်း-၀၉-၄၉၂၀၅၄၅၄***

ခေတ်မီပေါင်းဆန်နှင့် ဆန်ဖြူကြိတ်ခွဲစက်၊ ခေတ်မီသိုလှောင်ရုံ/တန်ဖိုးမြှင့်စက်ရုံကြီးများ တည်ဆောက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (MRIA)မှ ဦးဆောင်ကြီးကြပ်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီကြီးဖြစ်သည့် Myanmar Agribusiness Public Corporation (MAPCO) သည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော ခေတ်မီဆန်စက်ကြီးများ၊ ခေတ်မီသိုလှောင်ရုံကြီးများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့် စက်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံ တည်ထောင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် ပေါင်းဆန်စက်ကြီးများ၊ စပါး Silo များ၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံများ၊ ဖွဲနုနှင့် ဆီထွက်သီးနှံမှ ဆီကြိတ်ခွဲထုတ်လုပ်သည့်စက်များ၊ ဆန်ခေါက်ဆွဲ၊ ကြာဆံအပါအဝင် ဆန်နှင့်စပါးမှ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများ၊ စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို Integrated Complex တည်ထောင်ပြီး ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ကုန်သွယ်မှု အလားအလာကောင်းနေရာ ၁၅နေရာခန့် ရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လိုသော အထူးပြုကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများနှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများသည် စီမံကိန်းတည်နေရာကို ရွေးချယ်ဆုံးဖြတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ပြုစုထားသော FS, EIA, SIA လေ့လာမှု အထောက်အကူပြု အချက်အလက်များကို အခြေခံ၍ အဆိုပြုလွှာများပြုစုပြီး ၁၅-၈-၂၀၁၂ရက် နောက်ဆုံးထားပြီး ပေးပို့ပေးရန်ဖြစ်ပါသည်။

၄။ တင်ပြလာသော အဆိုပြုလွှာကို အခြေခံစဉ်းစားသုံးသပ်ပြီးမှ စီမံကိန်းတည်နေရာနှင့် ပူးပေါင်းဆောင်ရွက်မည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက MAPCO အခန်း ၀၃၀၃၊ Sakura Tower အမှတ် ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၂၅၅၀၈၃၊ ၂၅၅၀၈၄၊ ၂၅၅၀၈၅၊ ၂၅၅၀၈၆ နှင့် e-mail: info@mapco.com.mm သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမည်ပြောင်း ဦးတင်ဆန်း၏သမီး အထက-ဖောင်ကြီး၊ န၀မတန်း (A) မှ မသိမ့်သိမ့်အား မသဇင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မသဇင်ဦး**

စာအုပ်စာပေ လူမိုက်ဆွ

အမည်ပြောင်း ဦးစိုင်းမြတ်၏သား မိုးညှင်းမြို့၊ အုပ်ကျင်းရပ်၊ အထက-ခွဲ၊ သတ္တမတန်း(C)မှ မောင်ရာဇာအိုက်စိုင်းအား စိုင်းလောင်မုန်း (ခ)မောင်ရှိုင်းအောင်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း ကျွန်တော် ဦးတင်ဝင်း ၁/မညန(နိုင်)၀၆၂၆၁၄၏ နိုင်ငံကူး လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၂-၈၀၅၆၆**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး
ဗိုလ်မှူးချုပ်ဇော်မြင့်-ဒေါ်ခင်မြင့်မြင့်တို့၏သားတပည့်၊
စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးနေ
ဦးဝင်းလွင်-(ဒေါ်နန်းညွန့်)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်မှူးလွင်သက်ဦး

M.A (History), D.S.A

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၂၀၄နေ
ဦးဂျမ်းမောင်-(ဒေါ်ယဉ်သန်း)တို့၏ သမီးငယ်

မသီတာ

Sales Director (Infiniti Co.,Ltd.)

တို့၏ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် Park Royal Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်နှင့် ဇနီး ဒေါ်ခင်မြင့်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးကြီးခင်ဇော်နှင့် ဇနီး ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မနှင်းစုခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မပိုးသဉ္ဇာ၊ မင်္ဂလာလက်ထပ်လက်စွပ် ကလပ်ကိုင်ဆောင်ပေးပါသော မလမင်းအိမ်၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများဖြစ်ကြသော ဗိုလ်ကြီးဟိန်းထက်အောင်၊ ဗိုလ်ကြီးမျိုးမင်းထွန်း၊ မယွန်းမီဦး၊ မဆုရူပါ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးပါသော ခင်စန်းဝင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Forever ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Unique, Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးလွင်သက်ဦး-မသီတာ

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၂)လမ်း၊ အမှတ် ၁၂နေ ဒေါ်စန္ဒာဝင်း ၉/မရမ(နိုင်)၀၀၅၁၆၃သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမှတ်အသားများကို စာချုပ်အမှတ် ၄/၆၀၂၂/၂၀၁၂နှင့် စာချုပ်အမှတ် ၄/၆၀၂၃/၂၀၁၂တို့ဖြင့် ၁၈-၆-၂၀၁၂ရက်တွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

Din Din နှင့် jaja ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ဖြင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ ပလတ်စတစ် ဘူး၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပုလင်း၊ သတ္တုဘူး၊ ပါဆယ်ထုပ်နှင့် ကုန်သေတ္တာတို့အပေါ်တွင် အထက်ဖော်ပြပါ Din Din နှင့် jaja ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတို့ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်ပြီး အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ Din Din နှင့် jaja ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန္ဒာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း

B.A, H.G.P.,R.L.,D.B.L, D.I.L, D.M.L

M.P.A,M.A (BL), PGDIT (New Delhi), D.Jap. (UFL)

အထက်တန်းရှေ့နေ

အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၀၈၅၈၃၊ ၀၉-၅၁၇၄၂၂၉

Hotel Apple (Nay Pyi Taw)

Room Rate - 18000 Kyats

09-8636624, 09-49316380

ပစ္စည်းရောင်းချရန် ချိပ်ပိတ်ဈေးနှုန်း တင်ဒါခေါ်ယူခြင်း

မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး ဂေါပကအဖွဲ့ ပစ္စည်းသိုလှောင်ခန်းတွင် သိုလှောင်ထားသော ရှေးဟောင်းပစ္စည်းမဟုတ်သည့် သစ်သားပန်းတကဲ အဟောင်းများအား အသုံးပြုရန်မလိုအပ်တော့ပါသောကြောင့် မျက်မြင်အခြေအနေအတိုင်း ရောင်းချနိုင်ရန်အတွက် ဝယ်ယူလိုသော ပြည်တွင်းလုပ်ငန်းရှင်များမှ ချိပ်ပိတ်ဈေးနှုန်းတင်ဒါကို ၃၁-၇-၂၀၁၂ ရက်(အင်္ဂါနေ့)ညနေ ၅ နာရီနောက်ဆုံးထား၍ ဈေးနှုန်းတင်ဒါ ပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ (ပြည်တွင်း၌သာအသုံးပြုရန်)

အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူးကြေးသွန်းဘုရားကြီးဂေါပကအဖွဲ့ရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ကြေးသွန်းဘုရားကြီး
ဂေါပကအဖွဲ့
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည့်ရက် ပြောင်းရွှေ့ခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ်(၂)ဓမ္မဒါနလမ်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမတွင် ၂၀၁၂ခုနှစ်၊ ဇူလိုင် ၂၄၊ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သော်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေပါသဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း ဂီတလောကသားများသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့သစ်
ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မတီ

KEMBANGAN
Group of Medical Centres

Kembangan Group of Medical Centres

I.H.B.C

YANGON BUSINESS EXPO 2012

INCLUDING: AUTOMOBILE, BUILDING MATERIALS & CONSUMER PRODUCTS

Organized by: IEMS International Exhibition Management Services Company Limited

နေရာ - တပ်မတော်ခန်းမ နေ့ရက် - ဇူလိုင် ၂၆ မှ ၂၉ ရက်ထိ

Travels & Tours

PEARL LAND TRAVELS & TOURS CO., LTD.

GL

REAL TIME

Y.E.S. International English Language Centre
Since 1994
Basic Spoken English
Grammar Foundation Course
Basic Writing Course
Academic Writing Course
Pre-Intermediate English
IELTS Practice Test
IELTS Speaking Course
Intermediate English
Academic Preparation for IELTS
Structure & Written Expression
SAT
TOEFL
No.190, 2nd Flr, 28th St (Upper), Pabedan Tsp. ☎ 243950

For The National Interest.
THE NATION
News Journal

GRAND POWER MACHINERY CO., LTD.

ပေါက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၂ခုနှစ် ဩဂုတ်လအတွင်း ကျင်းပရာတွင် (၁၃၇၄ခုနှစ်၊ ၂၀၁၂ခုနှစ်) ဓမ္မာစရိယသုံးကျမ်းအောင်မြင်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း သီတင်းသုံးနေထိုင်ကြသည့် ပေါက်မြို့နယ်ဖွား သံဃာတော်များအား ချီးကျူးပူဇော်ပွဲနှင့် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးရရှိအောင်မြင်သူ (အသင်းဝင်များ၏ သားသမီးအရင်း)များအား ဂုဏ်ပြုပွဲ ကျင်းပလိုပါ၍ ဓမ္မာစရိယသုံးကျမ်းအောင်မြင်သည့် သံဃာတော်များသည် အောင်မြင်သည့် အထောက်အထားများနှင့်တကွ မူလကမ္ဘာအေးလေးကျောင်းတိုက် နာယကဆရာတော် ဦးဝိမလထံ လျှောက်ထားကြပါရန်နှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် သားသမီးအရင်းများ၏ အသင်းဝင် မိဘများကိုယ်တိုင် သက်ဆိုင်ရာ အိမ်ထောင်စုစာရင်း၊ စာစစ်ဌာန စာစစ်အဖွဲ့ စသည်တို့မှ အထောက်အထားများနှင့်တကွ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ၂၉-၇-၂၀၁၂ရက် နောက်ဆုံးထားပြီး လျှောက်ထားကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ပေါက်မြို့နယ်အသင်း(ရန်ကုန်)

ဆက်သွယ်လျှောက်ထားရန် -

(၁) ဆရာတော် ဦးဝိမလ - ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁
(၂) ဒေါ်မြမြဟိန်း-ဥက္ကဋ္ဌ - ဖုန်း-၀၁-၂၄၃၃၆၃၊ ၀၉-၇၃၂၀၂၂၃၇
(၃) ဦးရဲလွင်-အတွင်းရေးမှူး - ဖုန်း-၀၉-၄၄၉၀၀၁၉၅၁
(၄) ဦးအောင်နိုင်ဦး-ဘဏ္ဍာရေးမှူး - ဖုန်း-၀၉-၄၂၁၀၀၇၁၅၀

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၁၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၇)ပါ ကန့်ကွက်နိုင်ပါသည် ကြော်ငြာအမှတ်စဉ်(၁၄)ပါ မနီလာ(ခ)ရန်ပင်ဟော့၏ မြေကွက်အမှတ် ၁၂၁၅ အစား အမှတ် ၁၂၁၉ နှင့် ၁၂၁၅၊ (၈၅)ရပ်ကွက်၊ (ဒဂုံဆိပ်ကမ်း) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်မ မချောသီဂီမျိုး၏ နိုင်ငံကူးလက်မှတ် M-၁၀၂၃၈၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၈၇၀၆၂**

ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၇၊ ဦးပိုင်အမှတ် ၉/၈၇လမ်း/၂၅လမ်း ×၂၆လမ်း၊ ဦးစိန်၊ ဒေါ်ကြင် အမည်ပေါက်မြေကွက်အား ဒေါ်မမ ၉/မနတ(နိုင်)၀၇၀၄၃၁၊ ဒေါ်ခင်ရီ ၉/မနတ(နိုင်)၀၆၆၈၂၁၊ ဒေါ်သန်းသန်း ၉/မနတ(နိုင်)၀၆၉၃၃၂၊ ဒေါ်ခင်မမ ၉/မနမ(နိုင်)၀၉၂၃၁၄၊ ဒေါ်ခိုင်ခိုင် ၉/အမရ(နိုင်)၀၀၇၅၄၈ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ပလန်လမီ သက်ကြီး(ခ)ဒေါ်မြသက်စု ၁၂/ကမတ(နိုင်)၀၀၆၆၇၁ ဟူသော စာသားအစား ဒေါ်ပဲနဲလပီသက်ကြီး(ခ)ဒေါ်မြသက်စု ၁၂/ကမတ(နိုင်)၀၀၆၆၇၁ ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

အမွေးစုတ်ဖွား(ခွေးပု)အဖြူရောင်

တယ်ရီယာ အမျိုးအစား အဖြူရောင် အမွေးစုတ်ဖွား ခွေးအထီး (အမည် ဝမ်းဝမ်း)သည် ၂၂-၇-၂၀၁၂ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အမြန်ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၂၀၉၉၁၈၈၊
၀၉-၅၅၂၅၄၅၅၊ ၀၉-၇၃၄၁၁၂၂၂
သဃ်န်းကျွန်း၊အောက်တိုအိတ်ချိန်းဝင်း

သွေးသည်အသက်

မြန်မာ့အလင်း အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာသဟိန်း – ရေးသားသည်

ဥရောပအာကာသအေဂျင်စီမှ အမ်အက်စ်ဂျီ–၃ ဂြိုဟ်တု ကမ္ဘာမြေ၏ပုံရိပ်များကို ထုတ်ပြန်ပေးမည်

ပါရီ ဇူလိုင် ၂၃



ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်ထားသော အမ်အက်စ်ဂျီ-၃ ဂြိုဟ်တုသည် အာကာသတွင် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ လာမည့် ဩဂုတ် ၆ ရက်မှစတင်ကာ မြေပြင်စခန်းသို့ သတင်းအချက်အလက်နှင့် ဓာတ်ပုံများပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီမှ ဇူလိုင် ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ ဂြိုဟ်တုကို ပြင်သစ်နိုင်ငံ ဂိုင်ရာနာ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှနေ၍ ဇူလိုင် ၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုသည် ဥရောပအာကာသအေဂျင်စီမှ ယခင်က လွှတ်တင်ထားသောဂြိုဟ်တုများနှင့် ချိတ်ဆက်ကာ ဂြိုဟ်တုကွန်ရက်အဖြစ် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

ယခုဂြိုဟ်တုသည် ဥရောပနိုင်ငံများ၏သတင်းဆက်သွယ်ရေးနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများ ပိုမိုကောင်းမွန်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တစ်ဖန် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာမြေ၏ အထူးခြားဆုံးပုံရိပ်များကို ထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီမှ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ရုရှားဆိုယုဇ်ဒုံးပျံနှင့်အတူ ဂြိုဟ်တုငါးလုံးကို လွှတ်တင်

မော်စကို ဇူလိုင် ၂၂

ရုရှားနိုင်ငံက ဇူလိုင် ၂၂ ရက်တွင် ဆိုယုဇ်အက်ဖ်ဂျီဒုံးပျံနှင့်အတူ ဂြိုဟ်တုငါးလုံးကို လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီရော့စ်ကော့စ်မော့စ်က ပြောကြားသည်။

အဆိုပါ ဆိုယုဇ်အက်ဖ်ဂျီဒုံးပျံကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မော်စကိုဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၁ မိနစ်တွင် လွှတ်တင်လိုက်သည်ကို ရော့စ်ကော့စ်မော့စ် အာကာသအေဂျင်စီမှ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် တွေ့ရသည်။ ***(အပေါ်ပုံ)***

ရွှေ့ဆိုင်းထား

ယင်းဒုံးပျံသည် ရုရှားဂြိုဟ်တုနှစ်လုံးနှင့် ဘီလာရုစ်၊ ကနေဒါ၊ ဂျာမနီနိုင်ငံတို့မှ ဂြိုဟ်တုတစ်လုံးစီကို သယ်ဆောင်သွားခဲ့ကြောင်း ရော့စ်ကော့စ်မော့စ်က ပြောကြားသည်။ ယင်းဂြိုဟ်တုများကို ဆိုယုဇ်ဒုံးပျံပေါ်မှ လွှတ်တင်ပြီး ၁၀ မိနစ်အကြာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပို့လွှတ်ပေးလိုက်သည်ဟုဆိုသည်။ ယင်းဂြိုဟ်တုငါးလုံး လွှတ်တင်ခြင်းကို ယခုနှစ်လယ်က လွှတ်တင်ပေးရန် စီစဉ်ထားခဲ့သော်လည်း ရုရှားနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ပြန်ကျလာမည့် ဒုံးပျံနေရာအတွက် အငြင်းပွားခဲ့ခြင်းကြောင့် အတန်ကြာ ရွှေ့ဆိုင်းထားခဲ့ရခြင်းဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။ ***(အင်တာနက်)***

စနေဂြိုဟ်ပေါ်၌ မုန်တိုင်းတိုက်ခတ်ခဲ့ ကတ်စီနီလေ့လာရေးယာဉ်က ပုံရိပ်ထုတ်ပြန်

နာဆာ ဇူလိုင် ၂၃

စနေဂြိုဟ်ကိုလေ့လာရန် နာဆာမှစေလွှတ်ထားသည့် ကတ်စီနီ အာကာသယာဉ်မှ သတင်းပေးပို့ချက်အရ စနေဂြိုဟ်၏မျက်နှာပြင်ပေါ်တွင် မုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် ၂၀၁၁ ခုနှစ်က တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ဇူလိုင် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါ မုန်တိုင်းတိုက်ခတ်ခဲ့မှုကို ကတ်စီနီလေ့လာရေးယာဉ်မှ မြေပြင်စခန်းသို့ ပေးပို့လိုက်သော ဓာတ်ပုံများအရ သိရှိရခြင်းဖြစ်သည်။



၎င်းမုန်တိုင်းသည် အလွန်အားပြင်းထန်ပြီး အနီရောင်တိမ်တိုက်များ အရှိန်ပြင်းစွာ ဖြတ်သန်းသွားသကဲ့သို့ ဖြစ်ပေါ်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုအခါ စနေဂြိုဟ်၌ ထူးခြားသောအလင်းလှိုင်းများဖြစ်ပေါ်မှုမှာ ပြီးခဲ့သည့် နှစ်က မုန်တိုင်းတိုက်ခတ်ခဲ့မှု၏ အကျိုးဆက်ကြောင့် ဖြစ်နိုင်ကြောင်း၊ စနေဂြိုဟ်ပေါ်တွင် နေဂြိုဟ်မှ ဖြာထွက်ရိုက်ခတ်လျက်ရှိသည့် အလင်းလှိုင်းများဖြစ်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ယခုတွေ့ရှိမှုသည် စနေဂြိုဟ်နှင့် ပတ်သက်သည့် အထူးခြားဆုံး တွေ့ရှိမှုဖြစ်ပြီး စနေဂြိုဟ်၏ မျက်နှာပြင်ပေါ်၌ နေ့ပိုင်းတွင် ထူးခြားသောအလင်းလှိုင်းဖြစ်ပေါ်နေမှုကို တွေ့ရှိရသည်ဟုဆိုသည်။ စနေဂြိုဟ်ပေါ်တွင် မုန်တိုင်းတိုက်ခတ်ခဲ့မှုကို ကတ်စီနီလေ့လာရေးယာဉ်က ပထမဆုံး လေ့လာနိုင်ကာ သတင်းဓာတ်ပုံပေးပို့နိုင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ကျန်းမာသုတ ကျန်းမာသုတ ကျန်းမာသုတ

ကိုယ်အလေးချိန်လျှော့ကျဆေး အများသောက်သုံးရန်အတည်ပြု

နယူးယောက် ဇူလိုင် ၂၃

ဗစ်ဗတ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်ထားသော Qsymia အမည်ရှိ ကိုယ်အလေးချိန်လျှော့ချဆေးဝါးတစ်မျိုးကို အများပြည်သူများသုံးစွဲရန် သင့်လျော်ကြောင်း အမေရိကန် အစားအစာနှင့်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)က သဘောတူခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ဆေးဝါးကို ကိုယ်အလေးချိန် အဆမတန်ဝလွန်းနေသူများ အဆီကျ အသားကျစ်စေရန် သောက်သုံးရန်သင့်လျော်ကြောင်း အက်ဖ်ဒီအေက ပြောကြားသည်။ အက်ဖ်ဒီအေက ပြီးခဲ့သည့်လက Belvig အမည်ရှိ ကိုယ်အလေးချိန်လျှော့ဆေးများကို ပြည်သူများအသုံးပြုရန် သင့်ကြောင်း သဘောတူညီခဲ့ပြီးဖြစ်သည်။ အမေရိကန်နိုင်ငံ၌ ကိုယ်အလေးချိန်လျှော့ချဆေးကို အများပြည်သူများသုံးစွဲသင့်ကြောင်း သဘောတူခွင့်ပြုခြင်းမှာ သုံးနှစ်တာအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

Qsymia ဆေးဝါးသုံးစွဲသော အဝလွန်သူများသည် အဆီများသည့် အစားအစာများ လျှော့စားခြင်း၊ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းတို့နှင့်အတူ ပုံမှန်သောက်သုံးပေးပါက ပျမ်းမျှကိုယ်အလေးချိန် ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ လျှော့ကျစေနိုင်သည်ဟုဆိုသည်။ **(ဝဲပုံ)**

သို့ရာတွင် ယင်းဆေးဝါးသည် နှလုံးခုန်နှုန်းကို တိုးစေနိုင်သဖြင့် နှလုံးရောဂါရှိသူများနှင့် လေဖြတ်ထားသူများ သောက်သုံးရန်မသင့်ဟုဆိုသည်။ ယင်းဆေးဝါးကို ကိုယ်ဝန်ဆောင်အမျိုးသမီးများလည်း သန္ဓေသားကို ထိခိုက်နိုင်သဖြင့် မသောက်သုံးသင့်ဟုဆိုသည်။ **(အင်တာနက်)**

အိတ်ချ်အိုင်ဗွီတားဆီးနိုင်သောဆေးဝါးသစ် တရုတ်သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိ

ဟန်ကျိူ့ ဇူလိုင် ၂၃

အိတ်ချ်အိုင်ဗွီပိုး မျိုးပွားခြင်းကို တားဆီးပေးနိုင်သော ဆေးဝါးတစ်မျိုးသည် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေသည့် အိတ်ချ်အိုင်ဗွီပိုးများ မျိုးပွားခြင်းမရှိအောင် တားဆီးလိုက်သဖြင့် ရောဂါဖြစ်ပွားခြင်းကို ထိန်းချုပ်နိုင်လိမ့်မည်ဟု တရုတ်သိပ္ပံပညာရှင်များက ယူဆထားကြသည်။

ပါတာမီဒိုင်းပါဝင်သော ဆေးဝါးတစ်မျိုးသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး၏ ဇီဝသံသရာလည်ခြင်းကို ဖြတ်တောက်နိုင်စွမ်းရှိကြောင်း၊ ၎င်းဆေးဝါးသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးမျိုးပွားခြင်းကို တားဆီးပေးနိုင်စွမ်းရှိကြောင်း တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျန်းပြည်နယ် ဇီကျန်းတက္ကသိုလ်မှ ဇီဝသိပ္ပံပါမောက္ခရှင်ဘင်ဟိုင်း ဦးဆောင်သော သုတေသနပညာရှင်အဖွဲ့က လေ့လာတွေ့ရှိထားသည်။ **(ယာပုံ)**

ရောဂါဆိုးကြီး

အိတ်ချ်အိုင်ဗွီပိုးသည် ပျမ်းမျှ ဆယ်နှစ်တာကာလကြာ မျိုးပွားပေါက်ပွားရှင်သန်နိုင်သည်။ ၎င်းဗိုင်းရပ်စ်ကူးစက်ခံရပြီဆိုပါက ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များနှင့် ပရိုတိန်းဓာတ်များကို အသုံးပြုပြီး မျိုးပွားပျံ့နှံ့သွားတတ်သည်။ ယင်းပိုးမွှားများ ပျံ့နှံ့မှုများလာသည်နှင့် ကိုယ်ခံစွမ်းအားသည် တဖြည်းဖြည်းကျဆင်းလာသည်။ ကိုယ်ခံစွမ်းအားသည် ဗိုင်းရပ်စ်ကိုမတိုက်ခိုက်နိုင်တော့သဖြင့် အေအိုင်ဒီအက်စ်ရောဂါဆိုးကြီး ဖြစ်ပေါ်လာရသည်။

၁၉၈၁ ခုနှစ်မှစပြီး ပထမဆုံးအေအိုင်ဒီအက်စ်ရောဂါကို စတင်ဖြစ်ပွားကြောင်း အတည်ပြုခဲ့သည်။ ယင်းကပ်ရောဂါဆိုးကြီးသည် ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ပျံ့နှံ့လာခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အိတ်ချ်အိုင်ဗွီကူးစက်ခံရသူပေါင်း ၃၄ သန်းခန့်ရှိသည်။ အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် သေပျောက်မှုအများဆုံး ရောဂါဖြစ်သည်။ **(အင်တာနက်)**

ကောင်းမြတ်သူ – စုစည်းသည်

ကမ်းရိုးတန်းနေပြည်သူများ ကျန်းမာရေးပိုမိုကောင်းမွန်

လန်ဒန် ဇူလိုင် ၂၃

ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြသူများသည် ကုန်းပိုင်းဒေသ၌ နေထိုင်ကြသူများထက် ပို၍ သက်ရှည်ကျန်းမာကြကြောင်း လေ့လာစစ်တမ်းကောက်ယူမှု စာရင်းဇယားများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ကမ်းရိုးတန်းဒေသများဖြစ်သည့် စကေးနက်စ်၊ စိန့်အိုင်ဗက်၊ စကားဘိုရပ်တို့၌ နေထိုင်ကြသူများသည် ကျန်းမာရေးကောင်းပြီး အသက်ရှည်ကြသည်ဟု ဆိုသည်။ ၎င်းတို့သည် စိတ်ဖိစီးမှုနည်းခြင်းနှင့် လေ့ကျင့်ခန်းလုပ်ရန် အခွင့်အလမ်းများ ပိုမိုရရှိကြခြင်းကြောင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ၎င်းတွေ့ရှိချက်ကို ကျန်းမာရေးဂျာနယ်၌ ရေးသားဖော်ပြထားသည်။

စစ်တမ်းကောက်ယူ

အင်္ဂလိပ်လူမျိုးသုတေသီများသည် ၂၀၀၁ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံတစ်ဝန်း လူပေါင်း ၄၈ သန်းအား အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်းပြီး စစ်တမ်းကောက်ယူခဲ့ကြသည်။ ယင်းသုတေသနပြုလေ့လာမှုကို ကျွန်းဆွယ်ဆေးကောလိပ်မှ ပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေးဆိုင်ရာ ဥရောပစင်တာက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်မှ တစ်ကီလိုမီတာအကွာအဝေးအတွင်း နေထိုင်ကြသူများသည် ကုန်းတွင်းပိုင်း၌ နေထိုင်ကြသူများထက် ပင်လယ်လေကောင်းလေသန့် ရှူရှိုက်ရသဖြင့် ကျန်းမာရေးပိုကောင်းကြသည်ဟုဆိုသည်။

ကမ်းရိုးတန်းဒေသများ၌ နေထိုင်ကြသူများသည် ကမ်းခြေတစ်လျှောက်၌ လမ်းလျှောက်ထွက်ရန် အခွင့်အလမ်းများစွာရရှိကြသဖြင့် လေကောင်းလေသန့် ပိုမိုရရှိပြီး ကျန်းမာရေးကောင်းမွန်ကြသည်ဟု ဆိုသည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ၂၀၁၂-၂၀၁၃ပညာသင်နှစ် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc)၊ (၆)နှစ်သင်တန်း တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၁၇၅ ဦးနှင့် အမျိုးသမီးဦးရေ ၇၅ ဦး စုစုပေါင်း ၂၅၀ ဦးလက်ခံမည်။

၃။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် ၃၅၀နှင့်အထက် ရရှိရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ ဖြစ်ရမည်။
(င) လူတွေ့နှုတ်မေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် A4 Size စာရွက်ဖြင့် ကွန်ပျူတာရိုက်၍ လျှောက်ထားရန် ဖြစ်ပါသည်။

၅။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်အတွက် လျှောက်လွှာများကို သတ်မှတ်ပုံစံတွင်ဖြည့်စွက်လျက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ(မိတ္တူ)၊ တက္ကသိုလ်ဝင် အမှတ်စာရင်း(မိတ္တူ)၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ /ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်(မူရင်း)၊ ရဲစခန်းထောက်ခံစာ(မူရင်း)နှင့် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ထောက်ခံစာ(မူရင်း)၊ လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)တို့နှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံသုံးပုံ ပူးတွဲ၍ ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနသို့ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၆ရက် နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းနှင့်အညီ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း နေပြည်တော်စာစစ်ဌာနတွင်လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အင်းစိန်ရန်ကုန်စာစစ်ဌာနတွင်လည်းကောင်း အောက်ဖော်ပြပါအတိုင်း ဖြေဆိုကြရမည်။
(က) အင်္ဂလိပ်စာ သုံးနာရီမေးခွန်း- နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၀ရက်
(ခ) ဇီဝဗေဒ သုံးနာရီ မေးခွန်း နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ရက်

၇။ တက္ကသိုလ်ဝင်ခွင့် ရေးဖြေစာမေးပွဲ ဖြေဆိုပြီးနောက် လူတွေ့နှုတ်မေး ဖြေဆိုခွင့်ရရှိသူများကို အချိန်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၈။ လူတွေ့နှုတ်မေးစစ်ဆေးရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို ဤတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၁၀။ အကယ်၍ ဤတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၁။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို သေချာစွာ ရွေးချယ်ဖော်ပြရမည်။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၂။ ဖြေဆိုခွင့်ကတ်များကို ၂၇-၈-၂၀၁၂ရက် မှ ၂၉-၈-၂၀၁၂ ရက်အတွင်း သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပေးမည်။

၁၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို ရှေးရှု၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခု(နာဂ၊ ဓနု၊ ပအိုးဝ်၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ် ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ လည်းကောင်း၊ အဆိုပါဒေသများမှ တိရစ္ဆာန်ဆေးပညာနှင့် မွေးမြူရေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် တိရစ္ဆာန် ဆေးကုဆရာဝန်များ ပေါ်ထွန်းလာစေရေးအတွက် ဤတက္ကသိုလ်မှ လက်ခံမည့် စုစုပေါင်း ၂၅၀ဦး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ၂၅ဦးကိုမူ တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် ၃၂၀ အမှတ် ကန့်သတ်ချက်ဖြင့် သီးခြားစဉ်းစား ရွေးချယ်သွားမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၅၉၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၆၇-၄၁၆၅၃၀ (ဒုတိယပါမောက္ခချုပ်-သင်ကြား)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မှတ်ချက်

၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာမျက်နှာ "၂၅"ပါ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းသို့ ဝင်ခွင့်သတ်မှတ်ချက်များအစား အထက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

(၂၂-၇-၂၀၁၂ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂)ပါ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကြော်ငြာစာတွင် အထက်ပါမှတ်ချက်အား ဖြည့်စွက်ဖတ်ရှုပါရန်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်
ပထမနှစ် ဝင်ခွင့်လျှောက်လွှာ
(၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက်)

ဓာတ်ပုံ
တစ်ပုံကပ်
နှစ်ပုံပူးတွဲ

	ကျောင်းသား/ကျောင်းသူ	အဖ(အရင်း)	အမိ(အရင်း)
၁။ အမည်			
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်			
၃။ လူမျိုး			
၄။ ကိုးကွယ်သည့် ဘာသာ			
၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့် တောင်းခံစဉ်အတိုင်း)			

	အဖ(အရင်း)အလုပ်အကိုင်နှင့်လိပ်စာ	အမိ(အရင်း)အလုပ်အကိုင်နှင့်လိပ်စာ
၆။ မိဘ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ		

၇။ ဝင်ခွင့်လျှောက်ထားသူ၏---
ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်--
၈။ ရေးဖြေဖြေဆိုလိုသည့် စာစစ်ဌာန----(ရေဆင်း သို့မဟုတ် အင်းစိန်စာစစ်ဌာန တစ်ဌာနသာရေးသားရန်)
၉။ အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း တာဝန်ယူပါသည်။

ဝင်ခွင့်လျှောက်ထားသူ၏လက်မှတ်

၁၀။ အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

မိဘ/ အုပ်ထိန်းသူ၏ လက်မှတ်

၁၁။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးကြောင်း ထောက်ခံပါသည်။

ကျောင်းအုပ်ကြီးလက်မှတ်
(   )

တံဆိပ်တုံး

ကျောင်းအမည်နှင့် မြို့--

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအားလေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများ အနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အင်ကြင်းကျောက်တူးဖော်ထုတ်လုပ်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းသို့ အသိပေးကြေညာချက်

၁။ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော အင်ကြင်းကျောက် (Petrified Wood or Wood Fossil) ကို မြန်မာနိုင်ငံသားများ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများပါပြဋ္ဌာန်းသတ်မှတ်ချက်များအရ အများပိုင်ကုမ္ပဏီများ စနစ်တကျဖွဲ့စည်းမှတ်ပုံတင်၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခွင့်ပြုပြီး ပြည်တွင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခွင့်အား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုကြောင်းကို သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉အရ ကျင့်သုံး၍ ၅-၇-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၅/၂၀၁၂ ကြိမ်မြောက်အစည်းအဝေးမှ သဘောတူညီချက်အရ ၁၃-၇-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၂ ဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော အင်ကြင်းကျောက် ရှာဖွေစမ်းသပ်တူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့်ပြုပြင်ခြင်း၊ ပြည်တွင်းပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၃)သတ္တုတွင်းလုပ်ငန်းသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၃၉၅တို့သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၂၃၈)ကို ၇-၄-၂၀၁၂ ရက်နှင့် (စနေ/တနင်္ဂနွေ)အထူးသင်တန်းကို ၄-၈-၂၀၁၂ ရက်တွင် ဖွင့်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် ခ လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန်-အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂) ဝင်း၊ ရွှေစည့်သည်(၁)ဂိတ်ဆုံး။

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း ဖွဲ့စည်းခြင်း (၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်။

ကျင်းပမည့်ရက်	-၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	-အောင်မင်္ဂလာကျောင်းတိုက် ကမ်းနားလမ်းနှင့်သစ်တောလမ်းထိပ်၊ အလုံမြို့နယ်
ကျင်းပမည့်အချိန်	-၀၉း၀၀နာရီတွင် တရားနာပါမည်။ ၁၀း၃၀နာရီတွင် သံဃာတော်များအား နေ့ဆွမ်းကပ်ပြီး ကြွရောက်လာသောဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

လျှပ်စစ်ဝန်ထမ်းဟောင်းအသင်းသား အသင်းသူများကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း
အလုပ်အမှုဆောင်အဖွဲ့
ဖုန်း-၂၃၀၀၇၄

အမည်ပြောင်း

ကျိုင်းတုံမြို့၊ နားခမ်းရွာနေ ဦးစိုင်းစံတော ၁၃/ကတန(နိုင်)၀၃၇၇၈၉အား ဦးစိုင်းနန္ဒောဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဦးစိုင်းနန္ဒော

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ဘားအံခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမပထမအယူခံမှုအမှတ်-၈

ဦးဆန်းဦး အမှတ်၂၉၊ ကံ့ကော်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားသုံးဆူမြို့။	**နှင့်**	၁။ ဒေါ်သန်းသန်းဌေး အမှတ်၂/၁၁၄၊ငုဝါလမ်း၊ (၂)ရပ်ကွက်၊ဘုရားသုံးဆူမြို့။ ၂။ ဒေါ်ဖွားရင်(ခ)ဒေါ်သက်သက် အမှတ်၃၅၄၊စံပယ်လမ်းသွယ်သစ်၊ အဏ္ဏဝါရပ်၊ကော့သောင်းမြို့။
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ် မေ ၃၁ရက်စွဲပါ ဘားအံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီကိုအယူတော်ခံမှု။

အထက်အမည်ပါ အယူခံတရားပြိုင် (၂) ဒေါ်ဖွားရင်(ခ)ဒေါ်သက်သက်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဘားအံမြို့နယ်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဦးဆန်းဦးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းသွင်း၊ ထိုအယူခံမှုကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံတင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဆွေဆွေ(ခရိုင်တရားသူကြီး)၊ဘားအံခရိုင်တရားရုံး**

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဇေယျာအောင်သည် မိဘများခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

ဦးမူဒူတာ(ခ)ဦးဝင်းနိုင်-ဒေါ်ခရိဂျာ(ခ)ဒေါ်ညိုညိုဝင်း
တိုက်အမှတ်၂၁(ငါးလွှာ)၊အောင်တော်မူလမ်း၊
မြေနီကုန်း၊စမ်းချောင်းမြို့နယ်

အများသိစေရန်ကြေညာခြင်း

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ဥယျာဉ်စုကျေးရွာအုပ်စု၊ ဦးကျေးရွာ၊ ပေါင်းလောင်းကွက်သစ် (၂)၊ ဦးပိုင်အမှတ် ၁၄၉/၁၊ ကွင်းအမှတ် ၁၆၈၇ ရှိ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ဧရာဝတီလမ်း၊ အိမ်အမှတ် ၃၀၆၄၀နေ ဦးဆန်းဝင်း အမည်ဖြင့်ဝယ်ယူခဲ့သော်လည်း ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြသန်း၊ ဦးဆန်းဝင်းနှင့် ဦးရဲဝင်းအောင်တို့ သုံးဦးမှ ၂း၁း၁အချိုးကျငွေထည့်ဝင်လျက် ဝယ်ယူပိုင်ဆိုင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ယင်းဂရန်မြေကွက်နှင့်ပတ်သက်သောအထောက်အထားများကို ကျွန်တော်တို့ နှစ်ဦးသဘောတူညီချက်ဖြင့် ဦးဆန်းဝင်း လက်ဝယ်သို့ ၉-၇-၂၀၁၁ရက်တွင် စာချုပ်စာတမ်းနှင့် ယုံကြည်စွာအပ်နှံခဲ့ကြပါသည်။

ဦးဆန်းဝင်းမှလည်း ၎င်းအားယုံကြည်စွာအပ်နှံထားရှိသော မြေဂရန်နှင့် စာချုပ်စာတမ်းများကို ကျွန်တော်တို့နှစ်ဦးခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ အာမခံထားရှိခြင်းစသည့် တစ်စုံတစ်ရာမပြုလုပ်ပါကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း	**ဦးရဲဝင်းအောင်**
၁၁/မတန(နိုင်)၀၀၀၈၆၀	**၁၂/ကတတ(နိုင်)၀၁၁၀၄၈**

"အရင်းအနှီးနည်းနည်းဖြင့် မိမိအိမ်မှာနေရင်းကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများအတွက် သတင်းကောင်း"

5 NETWORK

5 MOVIES | 5 MOVIES II | 5 SERIES | 5 CARTOONS | 5 PLUS | MULTI MAX | ESPN | STAR SPORTS

စတဲ့ရုပ်သံလိုင်းတွေ 5 NETWORK မှာပါတယ်ဆိုတာသင်သိပါလား?

ငွေ ၁၀ သိန်းကျော် ခန့်ရင်းနှီးမြှုပ်နှံပြီးနိုင်မယ်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုထူထောင်ရန် အသင့်ဖြစ်ပြီလား ...?

သင့်ရပ်ကွက်၊ သင့်အိမ်ကနေပြီး 5 NETWORK ရဲ့စီးပွားဖက်ကိုယ်စားလှယ်ဖြစ်နိုင်ပါပြီ။

အသေးစိတ်စုံစမ်းရန်ဖုန်း - 01 400 878 (Ex: 814,816)

ပအိုဝ်း(PA-OH) အမျိုးသားမွှာရုံ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ)အား ဦးထိပ်ပန်ဆင်၍ အမှတ် (၃၈)၊ ဗဟန်း ၁ လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ပအိုဝ်းအမျိုးသားမွှာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်၊ ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပအိုဝ်းအမျိုးသားမွှာရုံ
ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

ကျေးဇူးဆပ်ပါမည်

ရွှေနံ့သာဝန်ဆောင်မှုကုမ္ပဏီမှတ်ပုံတင်နှင့် စာရွက်စာတမ်းများ Taxi (သို့) ဆိုင်တွင် မေလလယ်၌ မေ့ကျန်ခဲ့ပါသဖြင့် ဆက်သွယ်ပေးပါ။

ဦးသောင်းစိုးဝင်း ဒါရိုက်တာ
ဖုန်း-၀၉-၅၁၃၄၁၈၃၊ ၀၁-၂၀၅၁၇၆

အမည်မှန်

ဦးနိုးအာ၏သား လှိုင်ကော်မြို့၊ အထက(၂)၊တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဌွန်လွှင်မင်းအောင်၏အမည်မှန်မှာ မောင်ဌွန်ငြူးမင်း (ခ)လွှင်မင်းအောင် ဖြစ်ပါကြောင်း။

မောင်ဌွန်ငြူးမင်း(ခ)လွှင်မင်းအောင်

မိဘအမည်မှန်

ရွှေညောင်မြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းထွေးရီ၏မိဘအမည်မှန်မှာ ဦးမောင်လှို-ဒေါ်ဗီ ဖြစ်ပါကြောင်း။

ဦးမောင်လှို-ဒေါ်ဗီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊မြေကွက်အမှတ် ၁၅၇၊ မြေကွက်တည်နေရာအမှတ် ၃၊ ဗိုလ်သူရလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်လှမေ၊ ဒေါ်ချိုချို အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦး (မိခင်) ဒေါ်လှမေ-ဦးချစ်ခဲ(ဖခင်)တို့ကွယ်လွန်သဖြင့် ဦးငွေ ၁၂/ကမတ(နိုင်)၀၁၇၇၃၈က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၃၇၅/၁၂ (၆-၄-၂၀၁၂)ရရှိသူ ဦးထိန်လင်းအောင် ၁၂/ဗဟန(နိုင်)၀၁၈၄၀၂နှင့် ပူးတွဲအမည်ပေါက် ဒေါ်ချိုချို ၁၂/ဗဟန(နိုင်)၀၄၃၂၈၀ တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅

ဦးဇော်မင်း **နှင့်** ၁။ ဦးခင်မောင်ကျော်
၂။ ဒေါ်ဆိုင်းညွှန့်
၃။ ဦးထွန်းလွင်
၄။ ဒေါ်သင်းသင်းလှိုင်
၅။ ဦးရင်အောင်
၆။ ဦးသောင်းစိန်
၇။ ဒေါ်ကြည်ကြည်ညွှန့်
၈။ ဦးဆွေဦး
၉။ ဦးစိုးမြင့်
တိုက် ၄၇၊ အခန်း ၂၂၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့(ယခင်လိပ်စာ)
၁၀။ လင်းသစ္စာထရေးဒင်းကုမ္ပဏီလီမိတက်
၁၁။ လင်းသစ္စာစီးပွားရေးလုပ်ငန်းစု၊ အမှတ် ၆၄၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ)

တရားလို **တရားပြိုင်များ**

အထက်ဖော်ပြပါတရားပြိုင်များ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ် တရားလိုက တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း-၆၃ အရ မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံ့တော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်နုသာ၊ ဒုတိယခရိုင်တရားသူကြီး(၂)
အနောက်ပိုင်းခရိုင်တရားရုံး

ဝိသုတာရုံမဟာဗိမာန်(ပခုက္ကူ)ကျောင်းတိုက် ဆဋ္ဌအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ စွယ်တော်မြတ်စေတီ မြောက်ဘက် ဗိုလ်ဗထူးလမ်း၊ ဝိသုတာရုံမဟာဗိမာန်(ပခုက္ကူ)ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘန (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အမှူးပြုသော စာချ/စာသင်သံဃာတော်များနှင့် ပင့်သံဃာတော်ဆရာတော်ကြီးများအား ဆဋ္ဌအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက်) ၂၈-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အတူတကွ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ တရားတော်များနာယူနိုင်ပါရန် စေတနာရှင် ဒါယကာ ဒါယိကာမများအား နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆွမ်းအလှူရှင် မေရတနာကျောင်း-ကျောင်းဒါယကာ ဦးရှိုးတီ-ကျောင်းဒါယိကာမ ဒေါ်ချိုချိုမြင့်နှင့် မောင်နှမမိသားစုတို့က ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ပရိသတ်များကိုလည်း ဧည့်ခံကျွေးမွေးပါမည်။

အကျိုးဆောင်အဖွဲ့
ဖုန်း-၀၁-၆၆၅၉၈၂၊ ၀၉-၅၁၉၅၄၅၁

ကျိုးပေါင်းခေါင်

ဆက်သွယ်ပါရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ အမှတ် ၉၂၄၊ ဘုရင့်နောင်လမ်းမကြီး၊ ပေ(၄၀×၆၀) အကျယ်ရှိသောအိမ်မြေအား ဦးငွေအောင် ၁၂/သခန(နိုင်)၀၀၀၅၉၅က လက်ရောက်အပိုင်ဝယ်ယူထားပြီးဖြစ်၍ ဦးငွေအောင်အမည်ပေါက်သို့ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ရာ အမည်ပေါက်ဦးစောရွှေ ၁၂/ကမရ(နိုင်)၀၂၇၇၀၆သည် ယနေ့မှစ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားပါသည်။

ဒေါ်ရတနာခိုင်ဖြူမြင့် (အထက်တန်းရှေ့နေ) LL.B
(စဉ်-၂၈၃၂၆)
ဖုန်း-၀၉-၇၃၀၉၆၁၈၀

ကျောက်ဆည်အသင်း(ရန်ကုန်)
စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ကောဒသမအကြိမ်မြောက် ကျောက်ဆည်အသင်း(ရန်ကုန်)၏စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရပညာရည်ချွန်ဆုပေးပွဲကိုအောက်ပါအတိုင်းကျင်းပပြုလုပ်ပါမည်-

နေ့ရက်/အချိန် - ၁၂-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ

နေရာ - ကျောက်ဆည်အသင်း ဓမ္မာရုံဗိမာန်တော်ကြီး ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်ဂုဏ်ထူးရသားသမီးများ၏စာရင်းကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အသင်းဝင်များ (ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး)နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာထမင်းနှင့်အမှတ်တရလက်ဆောင်ချီးမြှင့်ပါမည်။) **ကျောက်ဆည်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃D၊ မြေကွက်အမှတ် ၃၈၊ မြေကွက်တည်နေရာအမှတ် ၆၊ ၂လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ကြူကြူ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(မိခင်)ဒေါ်ကြူကြူ ၁၂/ဗဟန(နိုင်)၀၁၁၉၉၂ ကွယ်လွန်သဖြင့် ဦးရဲထွဋ် ၁၂/ဗဟန(နိုင်)၀၁၃၃၀၆နှင့် ဒေါ်စန်းစန်းမြင့် ၁၂/ဗဟန(နိုင်)၀၁၃၆၃၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ y/၂၊ မြေကွက်အမှတ် V216၊ မြေကွက်တည်နေရာအမှတ် ၈၄၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် (ဦးဒါးမောင်နှင့်ဒေါ်ကျင်စု)အမည်ပေါက် နှစ်၉၀ ဂရန်သက်တန်းမြေအား အမည်ပေါက်ဦးဒါးမောင်နှင့်ဒေါ်ကျင်စုတို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၁၀၁၉/၂၃-၃-၁၉၉၈ အရ ဦးဝင်းရွှေ ၁၂/လမတ(နိုင်)၀၁၄၀၁၂၊ဒေါ်ခင်လှိုင် ၁၂/အလန(နိုင်)၀၁၃၄၄၉၊ ဒေါ်စန်း ၁၂/လမတ(နိုင်)၀၁၀၄၅၀၊ ဦးသိန်းငွေ ၁၂/လမတ(နိုင်)၀၁၉၆၈၆၊ ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၅၁၆၄၄တို့က ပိုင်ခဲ့ပြီး ဦးဝင်းရွှေ(လူပျိုကြီးဘ၀ဖြင့်)ကွယ်လွန်သွားပါ၍ ဒေါ်ခင်လှိုင် ၁၂/အလန(နိုင်)၀၁၃၄၄၉၊ ဒေါ်စန်း ၁၂/လမတ(နိုင်)၀၁၀၄၅၀၊ ဦးသိန်းငွေ ၁၂/လမတ(နိုင်)၀၁၉၆၈၆၊ ဦးမြင့်သိန်း ၁၂/သကတ(နိုင်) ၀၅၁၆၄၄တို့က မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအားမူလနေထိုင်သူကန်ထရိုက်တာထံမှတစ်ဆင့်ဝယ်ယူထားသူကအဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့် ရက်မှ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးမျိုးကိုကို(အုပ်ချုပ်မှုဒါရိုက်တာ) (ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်)မှ ဦးသိန်းအောင် ၇/ပခန(နိုင်)၂၆၄၃၆၈(မှ) ဦးတင်ဝင်း PGU-၂၄၀၇၅၅(မှ)	ဦးဇော်ဝင်း ၈/မလန(နိုင်)၀၀၈၈၁၅	အမှတ်(၁၆၅/၁၆၇)၊ရှစ်လွှာ၊ အခန်း(8-A)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်။
၂။	ဒေါ်ခင်တင့်(ကွယ်လွန်) ၁၂/လသန(နိုင်)၀၀၆၉၄၂(မှ)	ဒေါ်ကင်တုာ ၁၂/လသန(နိုင်)၀၀၆၄၃၃	အမှတ်(၆၈၆/၆၉၈)၊အခန်း(၄+၅) မြေညီ၊ မဟာဗန္ဓုလလမ်း၊ လသာ။
၃။	ဦးစိုးနိုင် ၆/ထဝန(နိုင်)၀၆၈၂၉၀(မှ) ဒေါ်နုနုစိုး ၁၂/မဂတ(နိုင်)၀၂၂၀၇၉(မှ)	ဒေါ်ချိုချိုဆွေ ၉/မမန(နိုင်)၀၃၆၂၂၅	အခန်း(၁၀၇)၊ ၄ဝါအိမ်ရာ၊ အလုံမြို့နယ်။
၄။	ဦးသိန်းစိုး(ခ)အင်အလျှန်း ၁၂/လသန(နိုင်)၀၂၀၉၁၅နှင့် ဦးမြင့်စိန်(ခ)အင်အိုက်စိန် ၁၂/လသန(နိုင်)၀၁၅၈၆၄(မှ)	ဦးမြင့်စိန်(ခ)အင်အိုက်စိန် ၁၂/လသန(နိုင်)၀၁၅၈၆၄	အမှတ်(၂၈/၃၂)၊ အခန်း ၉၊ ဒုထပ်(ဝဲခွန်)၊ ၂၃လမ်း၊လသာ။
၅။	ဦးထွန်းမင်း(အုပ်ချုပ်မှုဒါရိုက်တာ) (M.T.Mဆောက်လုပ်ရေး)မှ ဦးမြင့်ဦး ၁၂/ပတထ(နိုင်)၀၂၈၆၃(မှ)	ဦးထွန်းမြင့် ၁၂/ပဇတ(နိုင်)၀၃၀၇၄၄	အမှတ် (၂၄၄/၂၄၄)အခန်း(၉၂) ကိုးလွှာ၊ဒုတိယအခန်း၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတား။
၆။	ဦးကြည်ရှိန် ၁၂/လသန(နိုင်)၀၁၀၈၈၇နှင့် ဒေါ်ကျော့မေ(မှ) ၁၂/လသန(နိုင်)၀၁၄၁၄၉	ဦးကြည်ရှိန် ၁၂/လသန(နိုင်)၀၁၀၈၈၇	အမှတ်(၂၈)၊အခန်း (၁၂) ဒုတိယထပ်၊ ၂၃လမ်း၊လသာ။
၇။	ဦးဇော်မြင့် ၁၂/ပတထ(နိုင်)၀၂၉၆၄၈(မှ)	ဦးချစ်ကောင်း ၇/ပခတ(နိုင်)၀၆၀၈၀၇	အမှတ် (၁၅/၁၇)အခန်း(၁၁)၊ ဒုတိယထပ်ပိုလ်တထောင်လမ်း၊ ပိုလ်တထောင်မြို့နယ်။
၈။	ဦးမောင်သန်း ၁၂/လမန(နိုင်)၀၇၆၀၈၉(မှ)	ဒေါ်လင်းသီရိပိုလ် ၅/ဆလက(နိုင်)၀၃၂၇၆၇	တိုက်(၁၉)၊ အခန်း(၂၄)၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အမည်ပြောင်း

ဦးမျိုးဝင်း၏သမီး၊ မော်လမြိုင်တက္ကသိုလ် (ဥပဒေနောက်ဆုံးနှစ်)မှ မရွှေရည်ထက်ဦး(ခ)မဝင်နီအား မရွှေရည်အိမ်(ခ)မမီမီဟုပြောင်းလဲခေါ်ပါရန်။

မရွှေရည်အိမ်(ခ)မမီမီ

အမည်ပြောင်း

မုဒုံမြို့၊ အထက(၂)၊ သတ္တမတန်း(B)မှ ဦးမျိုးဝင်း၏သား မောင်ရဲချမ်းမြေ့အား မောင်ရဲပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲပြည့်ဖြိုး



ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၁၁၅၁(က+ခ)၊ မြေကွက်တည်နေရာအမှတ် ၁၁၅၁၊သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှ-ဒေါ်စောရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှ-ဒေါ်စောရီကွယ်လွန်သဖြင့် (၁)ဒေါ်ငွေငွေဝင်း ၁၂/သကတ(နိုင်)၀၇၅၃၀၁၊ (၂) ဒေါ်ခင်ကြည်ဝင်း ၁၂/သကတ(နိုင်)၀၂၁၃၂၁၊ (၃) ဦးသန်းအောင် ၁၂/မဂတ(နိုင်)၀၈၀၉၆၄၊ (၄) ဒေါ်ညိုညိုဝင်း ၁၂/သကတ(နိုင်)၀၂၁၃၂၂၊ (၅) ဦးမြင့်အောင် ၁၂/သကတ(နိုင်)၀၂၁၃၂၄၊ (၆) ဦးမိုးကျော်အောင် ၁၂/သကတ(နိုင်)၀၇၅၂၇၇၊ (၇) ဦးခင်ဇော်ရှိန် ၁၂/သကတ(နိုင်)၀၁၀၉၄၂၊ (၈) ဒေါ်လှလှနု ၁၂/သကတ(နိုင်)၀၂၁၃၂၀၊ (၉) ဦးကျော်ဆန်းအောင် ၁၂/သကတ(နိုင်)၁၁၅၀၅၈၊ (၁၀) ဦးလင်းမောင်ထွေး ၁၂/သကတ(နိုင်)၀၈၃၀၅၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ကိုအောင်သူ(ခ)ကိုအောင်မြတ်

(၂၄-၇-၂၀၁၁) မှ (၂၄-၇-၂၀၁၂)

အသက် (၃၇)နှစ်

ကို မမျှော်လင့်ဘဲခွဲခွာသွားခဲ့တာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကိုချစ်တဲ့ဖေကြီး၊ မေကြီး၊ သမီးလေး၊ သားလေးတို့နဲ့ ဘယ်တော့မှမခွဲဘဲ အသက်နဲ့ခန္ဓာ တည်ရှိနေသမျှ ကို့ကို အချိန်တိုင်း၊ နာရီတိုင်း၊ စက္ကန့်တိုင်း သတိရလွမ်းဆွတ်နေမှာပါ။ ကို့အတွက်ရည်စူးပြီး ပြုခဲ့သမျှကောင်းမှုကုသိုလ်တွေကို မြင့်မြတ်တဲ့ဘဝမှ သာဓု သုံးကြိမ်ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး- မဟေမာလှိုင်
သမီးလေး- မေမြင့်မြတ်
သားလေး- ဇံမြင့်မြတ်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
ပဲခူးခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၅ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၈

မန်နေဂျာ **နှင့်** ၁။ ဦးကျော်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်ခင်ချို
ပဲခူးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ်(၃၈၀/က)၊ ဗိုလ်မင်းရောင်(၅)လမ်း၊ (၇/၂)ရပ်ကွက်၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့နေ ဦးကျော်ဝင်း၊ ဒေါ်ခင်ခင်ချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၁၀ရက်(၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
ပဲခူးခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၀၀ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၆

မန်နေဂျာ **နှင့်** ၁။ ဦးမြင့်စိုး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စိန်မြင့်
ပဲခူးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ် ၁၉၆၊ ဗထူးလမ်း၊ (၁/၂)ရပ်ကွက်၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့နေ ဦးမြင့်စိုး၊ ဒေါ်စိန်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၀၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
ပဲခူးခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၃

မန်နေဂျာ **နှင့်** ၁။ ဒေါ်ခင်ဆွေဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ မောင်ဇော်ဝင်း(တူ)
ပဲခူးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ် ၁၄၃၊ အနော်ရထာလမ်းသွယ်(၂)လမ်း၊ (၁/၆)ရပ်ကွက်၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့နေ ဒေါ်ခင်ဆွေဝင်း၊ မောင်ဇော်ဝင်း(တူ)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၁၀ရက်(၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေထွန်းထွန်းအေး
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပဲခူးမြို့နယ်တရားရုံး၊ ပဲခူးမြို့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
ပဲခူးတိုင်းဒေသကြီးတရားရုံး
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၇၆ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၉

မန်နေဂျာ **နှင့်** ၁။ ဦးသက်နိုင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အုံးတင်
ပဲခူးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ် ၁၂၇၊ ၈လမ်းနှင့် အောင်စိုးမိုးလမ်းထောင့်၊ အလင်းရောင်(၁)ရပ်ကွက်၊ ပဲခူးမြို့နေ ဦးသက်နိုင်၊ ဒေါ်အုံးတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၇၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မျိုးမြင့်(ခ)ကျားလို

အသက်(၃၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁×၈၂လမ်းကြား၊ ၃၂လမ်း၊ အမှတ် ၂၂၅နေ ဦးရှိဖှုင်ရင်-ဒေါ်ရန်ကိုက်ရင်တို့၏သားသည် ၂၁-၇-၂၀၁၂ရက် နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်ခင်ရင်းနှီးလှစွာသော
ညီအစ်ကိုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဆရာ ဦးဘစိုး (ပုလောမြို့)

လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

အသက်(၉၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးဘသိန်း-ဒေါ်ငွေအုံ)တို့၏သားကြီး၊ (ဦးသောင်းဖေ-ဒေါ်နု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၅၆/၅၊ မြမဉ္ဇူလမ်းနေ (ဒေါ်နီ)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်အုန်းသွင်(သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်စန်းစန်းနွယ်၊ ဦးမောင်မောင်လတ်(ရွှေဖျိုင်းဖြူကုမ္ပဏီ)-ဒေါ်ခင်ခင်စီ၊ ဦးဆန်းဝင်း-ဆရာမဒေါ်အေးအေးမိုတို့၏ဖခင်ကြီး၊ ဦးကျော်ဇေစိုး၊ ဦးကျော်ဇင်စိုး-ဒေါ်မိုးသူဇာစိုး၊ ဦးပြည့်ဖြိုးသန်း-ဒေါ်လင်းနန္ဒာသွင်၊ မခင်ဝါဆိုဦး၊ ဒုဗိုလ်အောင်ဘုန်းမြတ်၊ မောင်ငြိမ်းချမ်းညီညီ၊ မောင်ရဲမင်းလတ်တို့၏အဘိုး၊ မေစံကားဝါတို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၂ရက် နံနက် ၅း၄၅နာရီတွင် ကောင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဆရာ ဦးဘစိုး (ပုလောမြို့)

လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၅၆/၅၊ မြမဉ္ဇူလမ်းနေ (ဒေါ်နီ)၏ခင်ပွန်း၊ (ဦးလင်းရွှေ-ဒေါ်ဆောင်း)၊ ဦးတင်ရီ-(ဒေါ်တင်ပို)၊ (ဦးတင်ကြည်-ဒေါ်ရှင်ပို)၊ (ဦးတင်စိန်-ဒေါ်လှယွေ)၊ ဦးလှဝင်း-ဒေါ်အုန်းမြင့်၊ ဦးလှမြတ်-ဒေါ်သိန်းရှင်တို့၏အစ်ကိုကြီးသည် ၂၃-၇-၂၀၁၂ရက် နံနက် ၅း၄၅နာရီတွင် ကောင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး (ငြိမ်း)

(ကြည်း-၁၅၀၂၆) (ဗသက-၅၆)

အထွေထွေမန်နေဂျာ

အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)စက်မှုဝန်ကြီးဌာန

အသက်(၅၈)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး(ငြိမ်း)သည် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ဘီးလင်းပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ-

ဗသက(၅၆)စည်သူတပ်ခွဲမှ သူငယ်ချင်းများ

ဗိုလ်ကြီးတင်မြင့် (ငြိမ်း)

လက်ထောက်ညွှန်ကြားရေးမှူး

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

အသက်(၄၉)နှစ်

ဖြူးမြို့နယ်၊ ညောင်ပင်သာ၊ ပဲခူးလမ်းနေ ဒေါ်နွဲ့နွဲ့ဝင်း၏ခင်ပွန်း၊ သမီး မဂျူးဖူးသော်၏ဖခင် ဗိုလ်ကြီးတင်မြင့်(ငြိမ်း)သည် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ရက်) ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဖြူးမြို့နယ် ညောင်ပင်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးတင်မြင့် (ငြိမ်း)

အသက်(၄၉)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးတင်မြင့် (ငြိမ်း) အသက်(၄၉)နှစ်သည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီး
အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်

ဦးစံမင်း

အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ တိုက် ၂၉၅၊ အခန်း ၁၄၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၂)နေ ဗိုလ်မှူးရွှေကြည်(ငြိမ်း)-(ဒေါ်စိန်ရင်) တို့၏သား၊ ဗိုလ်ချုပ်နေလင်း-ဒေါ်သန်းသန်းညွန့်(နေပြည်တော်)၊ ဦးမြင့်လွင်-ဒေါ်သီတာ၊ ဦးရဲနိုင်ထွန်းတို့၏ညီ၊ ဦးအောင်ကျော်ကျော်-ဒေါ်ရွှေဝင်းနုတို့၏အစ်ကို၊ အမှတ် ၂၊ မင်္ဂလာလမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်သင်းသင်းခိုင်(ကိန္နရီစတိုး၊ လှည်းတန်း)၏ခင်ပွန်း၊ မဝင့်ဝါစံမင်း(Grade-IV, G, TTC ၊ ကမာရွတ်)၊ ဘုန်းခန့်စံမင်းတို့၏ဖခင်သည် ၂၂-၇-၂၀၁၂ရက် ညနေ ၄း၁၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဆရာမကြီး ဒေါ်တင့်ရီ (ဥက္ကံအသင်းဝင်)

အိမ်တွင်းမှုသိပ္ပံနည်းပြ(ငြိမ်း)၊ ဘိုကလေး TTC

အသက်(၇၅)နှစ်

ဥက္ကံမြို့နေ (ဦးသိန်း-ဒေါ်ငွေလှ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးသန်းညွန့် (သတက-၃၊ ငြိမ်း)-ဒေါ်စောအေး၊ (ဦးတင်ညွန့်)-ဒေါ်ခင်အေးတို့၏ညီမ၊ ဦးခင်မောင်ဝင်း(အခြေခံပညာ၊ ငြိမ်း)-(ဒေါ်သန်းရီ၊ လ/ထ တိုင်းပညာရေးမှူး၊ ငြိမ်း)၊ (ဦးတင်မြင့်-ဒေါ်လှမြင့်)၊ ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ကြည်ကြည်စန်းတို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၉၁နေ ဦးဝင်း(ခ)ဦးသက်ဝင်း(အထက-၆၊ ဗိုလ်တထောင်၊ ဘိုကလေးTTC၊ ငြိမ်း)၏ဇနီး၊ (ဦးဆန်နီလ)-ဒေါ်တင်နွယ်ဝင်း၊ ဦးကျော်သက်နိုင်-ဒေါ်ဆွေဆွေဝင်း(ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ဦးကျော်စွာဝင်း(TOTO - Natural Clay ကုမ္ပဏီ)-ဒေါ်ဝင်းဝင်းကြည်၊ ရဲအုပ်အောင်ဇေဝင်း(သတင်းတပ်ဖွဲ့)-ဒေါ်မော်မော်ဦး၊ ဦးခင်မောင်အေး(AE လမ်းတံတား၊ YCDC)-ဒေါ်ခင်သူရိန်ဝင်း (အလက-၇၊ လှိုင်)၊ ဦးနာယက(ရန်ကုန်ကျောင်း)၊ ရဲအုပ်ရဲမင်းထူး-တပ်ကြပ်ရတနာဝင်း(သတင်းတပ်ဖွဲ့)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်းအေး(ခ)ဒေါ်အေးအေး (မြောင်းမြမြို့)

အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ် ၆၅၊ ဦးဘချိုလမ်းနေ (ဦးကြိုက်ဟင်း-ဒေါ်ပိုးလေး)တို့၏သမီး၊ (ဦးလေကြည်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ ဦးခင်မောင်၏ဇနီး၊ မြောင်းမြ အသောက သီတဂူဆရာတော်ဘဒ္ဒန္တဝဏ္ဏောဘာသ၏မယ်တော်၊ မအိအိခင်(ခ)မမီးမီး(OK စတိုး၊ မြောင်းမြမြို့)၊ မောင်အောင်ဘိုဘို(ခ) OK တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မြောင်းမြ ရွှေဒါးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဝေ(ခ)ကိုဝေ (သထုံ)

အသက်(၅၆)နှစ်

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးဖုန်းကွယ်-ဒေါ်ခင်ထွေး)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် ၅၉၂နေ ဒေါ်တင်တင်ဌေး၊ (ဦးသန့်ဇင်)၊ ဒေါ်မီမီသင်း၊ ဒေါ်ခင်ဝါဝါ၊ မော်တင်တာဝါ (ခုနစ်လွှာ)၊ အခန်း ၂၀၆နေ ဗိုလ်ကြီးနိုင်ဦး(ငြိမ်း) (IWT မန်နေဂျာ၊ မြစ်ဝ)-ဒေါ်သီသီဝင်း၊ (ဦးတင့်လွင်ဘုန်း)တို့၏အစ်ကိုကြီး၊ မောင်ကောင်းမြတ်ဇော်၏ဖခင်၊ တူ၊ တူမ ကိုးယောက်တို့၏ဘဘသည် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)

ကြည်း-၁၄၅၆၉၊ တဇ(၅)၊ (လောပိတ)၊ ဌာနချုပ်မှူး

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

အသက်(၅၅)နှစ်

ပြည်မြို့၊ နဝင်းကွက်သစ်နေ ဦးခင်မောင်လေး-ဒေါ်သန်းမြင့်တို့၏သား၊ ကျောက်ကြီးမြို့နေ(ဦးအုန်းရှောင်-ဒေါ်မြရင်)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)-ဒေါ်စန်းစန်းခိုင်၏ညီ၊ ဦးဝင်းနိုင်(ညွှန်မှူး၊ ဆ/မ)-ဒေါ်မိမိခိုင်၊ ဦးဝင်းထူး-ဒေါ်နီနီသိန်း(ပြည်မြို့)တို့၏အစ်ကို၊ အမှတ် ၁၉၄၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်လှိုင်မွေ့၏ခင်ပွန်း၊ ဒေါက်တာသက်ပိုင်မျိုးဝင်း-ဒေါက်တာနီလာဇော်၊ ဒေါက်တာဖူးပွင့်မျိုးဝင်းတို့၏ဖခင်သည် ၂၃-၇-၂၀၁၂ ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နန်းလှမူ (နိုဝင်ဘာမိခင်ကြီး) (အလုံ)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဆရာဆောင်းလမ်း အမှတ် ၃နေ (ဦးလုံးတင်-ဒေါ်ချောစိန်)တို့၏သမီး၊ (ဦးသာမြ-ဒေါ်လှရင်)တို့၏သမီးချွေးမ၊ ဦးသန်းလွင်(ခ)ဦးခွန်သန်းထက်လေး၏ဇနီး၊ ဦးခွန်စောနောင်(ခ) ကိုကျော်မိုး-မခင်နန္ဒာထွေး၊ ကိုအောင်ဖြိုးသူ-မဟေမာဝင်း၊ မယွန်းသီရိမောင်တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးတင်မြင့် (ငြိမ်း)သည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းမိသားစုများ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
မန္တလေးဘဏ်ခွဲ

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်မြကြည် (ပြည်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅) ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၃၁/က နေ(ဦးဟုတ်စိန်)၏ဇနီး၊ ဒေါ်ခင်အေးဆွေ (အထက-၁၊ ဒဂုံ)၊ ဒေါ်ခင်ဆွေပို(ခေတ္တ-စင်ကာပူ)၊ဦးစိုးသိန်း-ဒေါ်သန်းသန်းဌေး တို့၏မိခင်၊ မောင်ဟိန်းထက် (ခေတ္တ-စင်ကာပူ)၏အဘွားသည် ၂၂-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီ တွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းသင် (မြိတ်)

အသက်(၈၅)နှစ်

မြိတ်မြို့နေ (ဦးဘအင်း-ဒေါ်ဖွားရှင်) တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးထွန်းတင်-ဒေါ်သန်းမြ)တို့၏ချွေးမ၊ အမှတ် ၅၊ ကန်သာယာလမ်းသွယ်(၃)၊ ငွေကြာရံရိပ်သာနေ [ဗိုလ်မှူးကြီးကိုလေး(ရေ) ငြိမ်း၊ စစ်သံမှူး(ငြိမ်း)]၏ဇနီး၊ ဦးကျော်ကျော်စိုး(ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်မြတ်ကေသီ၊ ဦးအေးသင်-ဒေါ်မူမူသင်၊ မသီတာလေး(ကုမ္ပဏီရုံးမန်နေဂျာ၊ စင်ထရယ်ဟိုတယ်)တို့၏မိခင်၊ [ဗိုလ်မှူးမောင်မောင်ကြီး (လေ)၊ ငြိမ်း]-ဒေါ်ခင်လှလှ၊(ဒေါ်ညွန့်တင်)၊(ဒေါ်စိန်ကြည်)၊(ဦးဘသန်း)-ဒေါ်ခင်ချိန်းတင်တို့၏ညီမ၊ ဒေါ်တင်ရီ(ဆရာမ၊ ငြိမ်း)၊ ဦးလှတင်(ခ)ဦးပါ၊ ဒေါ်သန်းရှင်(ခ)ဒေါ်အမာတို့၏အစ်မ၊ မြေးသုံးယောက်တို့၏အဘွားသည်၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ည ၁၁း၅၈ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်မြလှိုင်(ခ)ဒေါ်မြသွယ်

(လက်ပံတန်း)

အသက်(၈၄)နှစ်

လက်ပံတန်းမြို့၊ ဘီးလင်းတန်းလမ်း၊ အမှတ် ၁၀နေ (ဦးဘိုးကြူး-ဒေါ်ညွန့်) တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)စိုက်မွေးရပ်ကွက်၊ အမှတ် ၂/၂/၄နေ ဗိုလ်ကြီးလှမိုး(ငြိမ်း)၏ဇနီး၊ ဦးအေးဝင်း-ဒေါ်မိမိလတ်၊ ဦးခင်မောင်ဦး-ဒေါ်ဝင်းဝင်းအိ၊ ဦးဝင်းကြိုင်-ဒေါ်အေးအေးသန်း၊ ဦးတက်မြင့်(ဦးပြည်စိုး)၊ဦးညွန့်ဝင်း-ဒေါ်အေးအေးစန်း၊ဦးမြင့်ခိုင်-ဒေါ်စန္ဒာမိုးတို့၏မိခင်၊ မြေးငါး ယောက်တို့၏အဘွားသည် ၂၂-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) ည ၇း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ ရက် (အင်္ဂါနေ့)တွင် လေးထောင့်ကန် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်သိန်း (သရက်)

မြို့နယ်ပညာရေးမှူး(ငြိမ်း)

အသက်(၈၂)နှစ်

သရက်မြို့၊ ရွှေဘုံသာရပ်ကွက်နေ (ဦးဘသစ် - ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အခန်း ၃၂၉၊ ၄(ခ)နေ ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်ဘေဘီ၏ခင်ပွန်း၊ (ဦးလှိုင်တင်-ဒေါ်လှကြည်) (စလင်း-၁)တို့၏ သားသမက်၊ (ဦးခင်မောင်တင့်)၊ ဦးခင်မောင်သန်းတို့၏ ညီ၊ (ဒေါက်တာတင်မောင်လတ်)၊ ဦးခင်မောင်ဒိုး၊ ဒေါ်ခင်တင်ထွေးတို့၏အစ်ကို၊ ဦးမောင်မောင်လွင် - ဒေါ်တင်မို့မို့သိန်း (မူဆယ်)၊ ဦးသိန်းဆွေ-ဒေါ်တင်အိအိ သိန်း(ပဲနွယ်ကုန်း)၊ ဦးကျော်ခေါင်သိန်း (YOMA Bank)-ဒေါ်တင်ဇာဦး(AGD Bank ၊ လမ်းမတော်)၊ ဦးသီဟသိန်း-ဒေါ်တင်မာကျော်တို့၏ဖခင်၊ မြေး ရှစ် ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၁၂ ရက် ည ၇း၃၅နာရီတွင် ကွယ်လွန်သွား ပါ၍ ၂၄-၇-၂၀၁၂ရက် ညနေ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ ညနေ ၃နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဃောသိတ

သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဦးထောင်ဘိုလမ်း၊ ယသဇေယျာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဃောသိတသည် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) ၂၂-၇-၂၀၁၂ရက် နံနက် ၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇာသဘင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ယသဇေယျာရုံကျောင်းတိုက်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကော်မတီ

ဦးစံကျော့ (မုဒုံ) (ရဲဝန်ထောက်၊ ငြိမ်း)

အသက်(၁၀၀)

ရန်ကုန်မြို့၊ တိုက် ၁၀၊ အခန်း ၆၊ အရှေ့ရန်ကင်းနေ (ဦးချစ်ဦး-ဒေါ်အေးညွန့်)တို့၏သား၊ [ဒေါ်ထိပ်တင်မလေး(ခ)ဒေါ်မာဆယ်(လ်)မြင်ကွန်း]၏ခင်ပွန်း၊ (ဦးကျော်မြင့်)-ဒေါ်ခင်ခင်သိန်း၊ ဦးမောင်မောင်၊(ဦးအောင်မျိုးသန့်)-ဒေါ်ရီရီစံကျော့၊ ဒေါ်ဥမ္မာစံကျော့၊ ဦးသူရစံကျော့(Green Luck.Co.)တို့၏ဖခင်၊ ဦးအောင်မိုးကျော်-ဒေါ်နွဲ့နွဲ့စန်း၊ ဦးကျော်ကျော်လတ်(မန်နေဂျာ၊ ကစစ-၁၁၊ ရန်ကုန်)-ဒေါ်အေးအေးမူ၊ ဦးစိုးသင်းအောင်(Total E&P Myanmar)-ဒေါ်အောင်သူဇာ၊ ဦးသန့်ဇင်(ခေတ္တ-စင်ကာပူ)-ဒေါ်မြတ်ချောစု(ခေတ္တ-စင်ကာပူ)၊ (ဒေါက်တာကိုကိုလွင်)-ဒေါက်တာဒေါ်ဇင်မာခိုင် (လ/ထ ကထိက၊ ရုပဗေဒဌာန၊ စစ်တွေတက္ကသိုလ်)တို့၏အဘိုး၊ မောင်မိုးသော်ဇင်(B.Tech 1st yr, E.C)၊ မစုမြတ်သွယ်၊ မအိချောဇင်(ခေတ္တ-စင်ကာပူ)၊ မမေသွယ်ကျော်တို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးခင်မောင် (ဟသ်္ာတ)

အသက်(၉၅)နှစ်

၁၇-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်(ဟသ်္ာတ) အသက်(၉၅)နှစ်၏နာရေးကိစ္စတွင် ရပ်နီးရပ်ဝေးမှ လာရောက်သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အထက(၃)တာမွေမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများနှင့် ဝန်ထမ်းများ၊ လဝကမှ အရာထမ်းများ၊ အမှုထမ်းများ၊ လမ်း ၁၄၀၊ မအူကုန်း ရပ်ကွက်မှ မိတ်ဆွေသင်္ဂဟများ၊ ဖုန်းဖြင့်သတင်းမေးမြန်းနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးချိန်အထိ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေသင်္ဂဟများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တိုးစိန် (ဖြူးမြို့)

အသက်(၉၂)နှစ်

ဖြူးမြို့၊ ၂၇လမ်းနေ (ဦးဝွမ်စိန်-ဒေါ်ချို)တို့၏သမီးကြီး၊ ဒေါ်တိုးရင်၊ (ဦးတိုးမောင်-ဒေါ်သန်းသန်း)၊ (ဦးအုန်းရှိန်)-ဒေါ်တင်အုန်း၊ ဒေါက်တာဦးလှအောင်-ဒေါက်တာဒေါ်တင်အေး၊ (ဦးကြည်တင်)-ဒေါ်ခင်ဝင်းတို့၏အစ်မကြီး၊ တူ၊ တူမ ၂၁ယောက်တို့၏ကြီးကြီးသည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ဖြူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ဖြူးမြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးပန်းလှိုင် (လှိုင်ပရိဘောဂ) (မော်လမြိုင်-မုဒုံ)

အသက်(၈၃)နှစ်

(ဦးအုံကြီးမောင်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ (ဦးဘသောင်း-ဒေါ်သိန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ ခြံအမှတ် ၁၁နေ ဒေါ်သောင်းကြည်၏ခင်ပွန်း၊ ဦးလှမြင့်ဦး၊ ဦးခင်မောင်ဦး(MD ၊ အောင်သရဖူအေဂျင်စီ)-ဒေါ်အေးစုလှိုင်(ဒု-ဥက္ကဋ္ဌ၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အထက-၃၊ ဒဂုံကျောင်းသူဟောင်း)၊ ဦးမျိုးသိန်း(ခ)ကိုကိုမောင်(Fuji Furukawa E&C Myanmar)-ဒေါ်တင်တင်အေး၊ ဦးခင်အောင်နိုင်-ဒေါ်အေးအေးဝင်းတို့၏ဖခင်ကြီး၊ မဟေမာဦး(Grape City Co., Ltd.)၊ Mr. Cameron Murrary-ဒေါ်စုလဲ့ရည်မွန်သဲ(UK)၊ မစုလဲ့မြတ်နိုးဦး(III-MB ဆေး-၁)၊ မခင်ရတနာလှိုင်(ABE, HD Part I)၊ မမေမြတ်မွန်(ပ-နှစ်၊ အင်္ဂလိပ်စာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဖြိုးခန့်ကို(Grade-I, TTC၊ ကမာရွတ်)တို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၂ရက် နံနက် ၁၁း၃၀နာရီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်း နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစံသောင်း (နံ့ဖူပင်ရွာ၊ အောင်လံမြို့နယ်)

အသက်(၈၃)နှစ်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ကျေးရွာအုပ်စု၊ နံ့ဖူပင်ရွာနေ (ဦးဖိုးထွန်း-ဒေါ်စိမ့်)တို့၏သား၊ (ဒေါ်ညီမလေး)၏ခင်ပွန်း၊ ဦးဇော်ဝင်း(ဌာနခွဲမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ YCDC)-ဒေါ်တင်မမတိုး(အထက-၂၊ လမ်းမတော်)၊ မနွဲ့ရီ၊ ကိုမင်းသူ-မမြင့်မြင့်မော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက်တွင် ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသန်းဇော်

(ပုဇွန်တောင်-တပ်မြေ)

အသက်(၄၂)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ(ဦးကောက်)-ဒေါ်ကျင်ယုံတို့၏တူ၊ ဦးအောင်ခိုင်-ဒေါ်တင်တင်အေးတို့၏သား၊ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊အမှတ် ၃၁နေ(ဦးကျော်စိန်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်မိုးမမ(ခ)မကြီး၏ခင်ပွန်း၊ မောင်ကောင်းခန့်ကျော်(Grade -7,A၊ အထက-၄၊ ပုဇွန်တောင်)တို့၏ဖခင်သည် ၂၃-၇-၂၀၁၂ ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ချွန်သိမ့် (မုံရွာ)

အသက်(၅၂)နှစ်

မုံရွာမြို့၊ ပွဲစားတန်းလမ်းနေ (ဦးလှ-ဒေါ်အေးကြည်)တို့၏သမီး၊ မြောင်မြို့၊ တောင်ရပ်နေ (ဦးဘကြွယ်-ဒေါ်ခင်စန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းနေ ဦးတင်ကိုကို (ဌာနခွဲ၊ အင်ဂျင်နီယာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ ကိုသာနိုင်တင်၊ ကိုဝင်းသော်တင်၊ ကိုအောင်မြတ်တင်-မဇာဖြူသဲ၊ ကိုရဲဂေါင်တင်တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (သန်လျက်စွန်းနေအိမ်နှင့် ဆိပ်ကမ်းရုံးချုပ်ရှေ့မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းမောင် (မြင်းခြံ)

(ဒုရဲမှူးကြီး၊ ငြိမ်း)

အသက်(၈၈)နှစ်

မြင်းခြံမြို့နေ(ဦးဘိုးကြည်-ဒေါ်သာရီ)တို့၏သား၊ (ဒေါ်မူ)၊ (ဦးဘိုးမောင်-ဒေါ်နွဲ့နွဲ့)၊ (ဒေါက်တာဘိုသောင်)-ဒေါ်ခင်မြသွင်တို့၏ညီ/မောင်၊ ဦးထွန်းနိုင်(C/E Wallenius Marine S'pore)-ဒေါ်အေးအေးသန်း(MRTV၊ ငြိမ်း)၊ ဦးဇော်ဝင်း(ခေတ္တ-S'pore) - ဒေါက်တာငြိမ်းငြိမ်းအေး၊ဦးကျော်ညွန့်-ဒေါ်သီတာသန်း၊ဒေါက်တာဇင်လင်းထိုက်(ခေတ္တ-UK)-ဒေါ်စန္ဒာသန်းတို့၏ဖခင်၊ ဗဟန်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ ၃၄(စီ)နေ ဒေါ်ခင်စန်းသွင်၏ခင်ပွန်း၊ မောင်ဖြိုးပြည့်စုံ၊ ငြိမ်းဝတ်ရည်ဇော်၊ ချစ်စုထွန်းနိုင်၊ သဲရတနာချော၊ မောင်မိုးပြည့်စုံတို့၏အဘိုးသည် ၂၃-၇-၂၀၁၂ရက် ညနေ ၆း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွေးထွေး

B.E (Civil) (RIT-75-82)

A.1 ဆောက်လုပ်ရေး

(နေပြည်တော်)

အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်ဇေယျရပ်ကွက်နေ (ဦးလှဖေ၊ မြို့လျှပ်စစ်မှူး၊ ငြိမ်း)-ဒေါ်ခင်မြင့်တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၆) ရပ်ကွက်၊ မာလာမြိုင် ၁လမ်း၊ ခ/၄၀ နေ ဦးထွန်းကြည်(MPF၊ ငြိမ်း)-ဒေါ်တင်တင်မာတို့၏သားသမက်၊ ဒေါ်ဝင်းနွယ်သန်း၏ခင်ပွန်း၊ မခြူးဟေမာန်ဖူး (First Year Civil လှိုင်သာယာ၊ GTC) တို့၏ဖခင်သည် ၂၃-၇-၂၀၁၂ရက် နံနက် ၂း၂၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ဇေယျာမင်း

အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ် ၅၈၄နေ ဦးစိန်မြ(ကွမ်းဒိုင်၊ သီရိမင်္ဂလာဈေး)-ဒေါ်သိန်းမြင့်တို့၏သား၊ (ကိုတင့်ဇော်မျိုးဦး)၊ ဦးအောင်ကျော်စိုး-မသန္တာလတ်၊ ကိုထိန်လင်းအောင်တို့၏ညီမောင်၊ မောင်တေဇာဝင်း-မသက်မှူးခင်တို့၏အစ်ကိုသည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဌေးအောင်(အထက်မင်းလှ)

B.Sc (Zool)

(အလယ်တန်းပြ)

အလက(၇)သာကေတ

အသက်(၅၇)နှစ်

ဦးကွန်း - ဒေါ်ငွေတင့်တို့၏သား၊ ဦးထွန်းရွှေ-ဒေါ်မငယ်တို့၏သားသမက်၊ အမှတ် ၃၅၉(မြေညီထပ်)၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နီနီသန်း၏ခင်ပွန်း၊ မချိုရီအောင် (တတိယနှစ်၊ ပထဝီဝင်)၊ မနှင်းဝတ်ရီအောင် (အထက-၃၊ ဗိုလ်တထောင်)၊ မောင်ဘုန်းမြတ်တို့၏ဖခင်သည် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၀၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက **ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ တွေ့ရှိသုံးသပ်ချက်အစီရင်ခံစာ အမှတ်စဉ်(၁/၂၀၁၂)**ကို လွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၄-၇-၂၀၁၂ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် တင်သွင်းထားသည့် **လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်** အဆိုကို ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့ကဆွေးနွေးကြရာ အချို့သောကုမ္ပဏီများက ဥပဒေကိုအလွဲသုံးပြီး လယ်ယာမြေများသိမ်းဆည်းမှုများကြောင့် အချို့တောင်သူလယ်သမားများမှာ လျော်ကြေးမရရှိခြင်း၊ ရရှိပါသော်လည်း ပေါက်ဈေးအတိုင်း မရရှိခြင်းတို့ကြောင့် တောင်သူများသာမက မိသားစုများပါ ဒုက္ခကြုံတွေ့ခဲ့ရပါကြောင်း၊ ဘိုးဘွားလက်ထက်ကတည်းက ခေါမဦးချလုပ်ကိုင်သူများမှာ လယ်ယာလုပ်ငန်းလုပ်ပိုင်ခွင့်ပင် ဆုံးရှုံးခဲ့ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က စီမံကိန်းလိုအပ်ချက်အရ မြေယာများကိုသိမ်းဆည်းပါက *စာမျက်နှာ ၆ ကော်လံ ၁* ✻

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၅)ဦး တက်ရောက်ကြသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍ၌ နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်၏ **မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းနှင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းအား ယခုဆောင်ရွက်နေသည်ထက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဖြေကြားရာတွင် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိုင်(၁၈၇/၀)မှ(၁၈၉/၀)အထိ (၂)မိုင်အပိုင်းကို ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်နေသော နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ (၁၈)ပေအကျယ် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် (၂)ဖက်ပလက်ဖောင်းအထိ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရရှိထားသည့် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ မိုင်(၁၈၉/၀)-(၁၉၀/၀)အထိ (၁)မိုင်ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ်လမ်းအတွက် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရ၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မိုင်(၀/၀)မှ (၂/၀)အထိ (၂)မိုင်ကို ကတ္တရာလမ်းကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး (၁၈)ပေအကျယ် တိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၃* ❖

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁)ဦးတို့ တက်ရောက်ကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း၏ “**နေ့စဉ်ပြည်သူများ ဖြစ်ပျက်တွေ့ကြုံခံစားနေရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မီဒီယာများမှတစ်ဆင့် ဖော်ပြချက်များသည် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရာတွင် အထောက်အကူပြုပါကြောင်းနှင့် ယင်းသတင်းများအပေါ် စောင့်ကြည့်လေ့လာစိစစ်ပြီး အရေးယူဆောင်ရွက်ပေးနေသည့်အဖွဲ့စနစ်တကျ ဖွဲ့စည်းထားရှိခြင်း ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ဖွဲ့စည်းပြီး အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း**” မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်များ၌ ရေးသားဖော်ပြလျက်ရှိသည့် အယ်ဒီတာ့အာဘော်၊ သတင်း၊ ဆောင်းပါးစသည်တို့ကို သက်ဆိုင်ရာသတင်းထောက်များ၊ အယ်ဒီတာများ၊ စာနယ်ဇင်းသမားများက ၎င်းတို့အမြင်ကို ထုတ်ဖော်ရေးသားကြသည်များဖြစ်သကဲ့သို့ ပြည်သူ့အသံ၊ စာတည်းထံပေးစာ၊ အယ်ဒီတာ့ထံပေးစာများကိုလည်း ပြည်သူတစ်ဦးချင်းစီက သူတို့ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ သူတို့ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသည့် အမြင်မတော်မှုများ၊ သူတို့တစ်ဦးချင်းစီ၏ သဘောထားအမြင်များကို ဖော်ထုတ်တင်ပြကြခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄) ပုဒ်မခွဲ(က) အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ *စာမျက်နှာ ၇ ကော်လံ ၁* ◆

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)